pen
MYANMAR

ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ

# ပြိုင်ပွဲဝင်ကဗျာများ



၂၀၁၈ မတ်လ ၂၁ ရက်နေ့
'ကမ္ဘာ့ကဗျာနေ့' အထိမ်းအမှတ်အဖြစ်
ပဲန်မြန်မာက ထုတ်ဝေသည်။

Cover Design by: Paing Naing Aung

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ပထမကြိမ် |
| ထုတ်ဝေခြင်း | - | မတ်လ-၂၀၁၈ |
| အုပ်ရေ | - | ၁၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | - | ပိုင်နိုင်အောင် |
| ထုတ်ဝေသူ | - | Pen Myanmar |
| ပုံနှိပ်သူ | - | Ju Ju Printing (00616) |

( အဖွဲ့ဝင်များအတွက်သာကန့်သတ်)

Pen
MYANMAR

**Protecting Freedom of Expression**
**and**
**Fostering Vital Literary Culture**

# ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ
# ပြိုင်ပွဲဝင်ကဗျာများ

# အမှာစကား

**Pen Myanmar** ၏ ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် အဆင့်နှစ်ဆင့်ဖြင့် ကျင်းပခဲ့ပါသည်။ ပြိုင်ပွဲကျင်းပရေးကော်မတီကို ဆရာ ခင်အောင်အေး၊ ဆရာ ဇေယျာ၊ ဆရာမ ပန်နီရာ၊ ဆရာမ စုစီအောင်နှင့် ဆရာ မောင်ဆောင်းခ စသည့် ကဗျာဆရာ (၅)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အကဲဖြတ်ဒိုင်များအဖြစ် ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာမင်းထက်မောင်နှင့် ဆရာမ ဖြူမွန်တို့က တာဝန်ယူပေးခဲ့ကြပါသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီက မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် မန္တလေးတိုင်းထိ သွားပြီး ပြိုင်ပွဲဝင်မည့် ကဗျာဆရာများနှင့် ကဗျာဝါသနာရှင်များကို စည်းရုံးဖိတ်ခေါ်ခဲ့ပါသည်။

ပြိုင်ပွဲပုံစံသည် တစ်ဦးတစ်ယောက်ချင်း ပြိုင်ရခြင်းမျိုး မဟုတ်ဘဲ (၃)ဦးမှ (၇)ဦးအထိ အစုအဖွဲ့အလိုက် ရွတ်ဆိုသရုပ်ဖော်ရသည့် ပုံစံမျိုးဖြစ်သည့်အတွက် ယခင်ပြုလုပ်နေကျ ပြိုင်ပွဲများမတူဘဲ ပြိုင်ပွဲဝင်မည့်အဖွဲ့များကို ရှာရန်ခက်ခဲခဲ့ပါသည်။ ပြိုင်ပွဲကျင်းပသည့်နေ့တွင် ပြိုင်ပွဲဝင်(၁၀)ဖွဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နယ်မြေဒေသ၊ နောက်ခံအကြောင်းတရား မတူညီသည့် နေရာများမှ ပြိုင်ပွဲဝင်လာကြခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပရခြင်းအဓိက ရည်ရွယ်ချက်ဖြစ်သည့် မတူကွဲပြားမှုကို ပေါ်လွင်စေခဲ့သည်။ ကျွန်တော်တို့သည် ပြိုင်ပွဲကျင်းပနေစဉ် အချိန်နှင့် ပြိုင်ပွဲကျင်းပပြီးအချိန်အထိ အခက်အခဲများစွာကို ရင်ဆိုင်ခဲ့ရပါသည်။ ပရိုဂျက်တာ၊ ဂီတပိုင်းကူညီပံ့ပိုးမှုနှင့် ပြိုင်ပွဲဝင်အသက်အရွယ်ကန့်သတ်မှုတို့တွင် လိုအပ်ချက်များ ရှိခဲ့သည်ကို ဝန်ခံချင်ပါသည်။

တောင်းပန်ချင်ပါသည်။

ကျွန်တော်တို့တွင် ပြိုင်ပွဲကျင်းပပြီးရုံနဲ့ တာဝန်မပြီးသေးဘဲ ထိုပြိုင်ပွဲတွင် ရွတ်ဆိုခဲ့ကြသည့် ကဗျာများကို စာအုပ်အဖြစ် စုစည်းထုတ်ဝေရန် ရှိပါသေးသည်။ အခုတော့ စာအုပ်ထွက်လာပါပြီ။ စာအုပ်ကို စနစ်တကျ လုပ်ဆောင်ပေးတဲ့ ကိုပိုင်နိုင်အောင်ကို ကျေးဇူးတင်ရမှာ ဖြစ်ပါသည်။ ထို့ပြင် ပြိုင်ပွဲဝင်ခဲ့ကြသည့်အဖွဲ့များအားလုံးနှင့် အကဲဖြတ်ပေးခဲ့ကြသည့် ဒိုင်အဖွဲ့တို့ကိုလည်း ဒီနေရာကနေ ကျေးဇူးအထူးတင်ရှိကြောင်း ထပ်မံပြောကြားလိုပါသည်။

**ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲကျင်းပရေးကော်မတီ**

**ပန်မြန်မာ**

PEN MYANMAR

Protecting Freedom of Expression and Fostering Vital Literary Culture

# ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ

## ပထမအဆင့်ပြိုင်ပွဲဝင်ကဗျာများ

ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့

# ခွဲခြားမှုမဲ့ညီမျှခြင်းများကို
# ကမ္ဘာကြီးပေါ် စိုက်ပျိုးပြီးနောက်
# ငြိမ်းချမ်းရေးအကြောင်း
# ဟက်ဟက်ပက်ပက် ပြောကြမယ်

ဂိုးဂိုး ၊ မောရမြိုင် ၊

ဗုဒ္ဓဘုရားရှင်ဖြစ်ဖြစ် အလ္လာရှင်ဖြစ်ဖြစ် ယေရှုကိုယ်တော်ဖြစ်ဖြစ်
စိမ်းလန်းတဲ့တောအုပ်များနဲ့ အဝါရောင်မြေသားများနဲ့
အဖြူရောင်တိမ်လိပ်များနဲ့ အပြာရောင်ကောင်းကင်ကြီးနဲ့
လူသားတွေနေဖို့ ဖန်ဆင်းဖြစ်တည်လာသော ကမ္ဘာ
အင်းဆက်ပိုးမွှားသားရဲတိရစ္ဆာန်တွေနေဖို့
ဖန်ဆင်းဖြစ်တည်ခဲ့တဲ့ကမ္ဘာ
အဲဒီကမ္ဘာအကြောင်း ကျွန်တော့်မျက်လုံးများနဲ့
နားထောင်ကြည့်မိတဲ့အခါ
ကမ္ဘာကြီးဟာ သိပ်လှပတဲ့ ပန်းချီကားတစ်ချပ်
ကမ္ဘာကြီးဟာ ရနံ့သင်းတဲ့ ကော်ဖီတစ်ခွက်
ကမ္ဘာကြီးဟာ အမျိုးစင်ပါးက သနပ်ခါးပါးကွက်လေး
ဖြစ်ခဲ့တယ်။

ကမ္ဘာဟာ ချစ်ခြင်းတရားနဲ့ ရောင်စုံလူသားများကို
သူ့ရင်ဘတ်ပေါ် ဖူးပွင့်စေခဲ့ပြီ။
အဖြူ အမည်း ပုပု မြင့်မြင့် ဝဝ ပိန်ပိန်
ကလေး လူကြီး ကျား မ ယောကျ်ားလျာ မိန်းမလျာ
လူလူချင်း တူပေမယ့် လိင်သဏ္ဌာန်ချင်း ကွာတဲ့လူတွေ
ကမ္ဘာကြီးပေါ် အတူတကွ နေထိုင်လာကြတဲ့အခါ
နေထိုင်မှုဓလေ့တွေနဲ့ ယုံကြည်ကိုးကွယ်ရာတွေ
ကွဲပြားလာခဲ့ကြတဲ့အခါ

စိတ်အရောင်များဟာ ထက်ရှလာကြ
လောဘ ဒေါသနဲ့ မောဟတရားတို့ ဖောက်ပြန်ခဲ့ကြ
ဘာသာရေးကိစ္စများအတွက် ရန်ဖြစ်ကြတယ်
နယ်မြေပိုင်ဆိုင်ရေးကိစ္စများအတွက် ရန်ဖြစ်ကြတယ်
လူလူချင်းနှိမ့်ချခြင်းကိစ္စများအတွက် ရန်ဖြစ်ကြတယ်
ဟိုကိစ္စ ဒီကိစ္စများအတွက် ရန်ဖြစ်ကြတယ်
ရန်ရန်ချင်း တုံ့ပြန်ရှင်းရင်း စစ်ပွဲကြီးတွေ ဖြစ်ကြရတယ်
ကမ္ဘာဟာ သေမင်းခင်းထားတဲ့ စစ်တလင်းထဲ သေစော်နံနေခဲ့။

ကမ္ဘာမှာ မေတ္တာတရားတွေ ပုပ်သိုးသွား
ကမ္ဘာမှာ ချစ်ခြင်းတရားတို့ ပုပ်သိုးသွား
ကမ္ဘာဟာ လူလုပ်ဒဏ်ရာများနဲ့
ရာစုနှစ်များထိ ငြိမ်းချမ်းခြင်းကင်းမဲ့စွာ အသက်ငင်ဆဲ
အဖတ်ဆယ်မရလောက်အောင်
အသက်ကယ်မရလောက်အောင်
ခွဲခြားခြင်း မုန်းတီးခြင်း စည်းလုံးခြင်းမဲ့နေတဲ့ ကမ္ဘာ။

သူ့ရင်ထဲက ငိုညည်းသံတွေ
သူ့ရင်ထဲက တောင်းဆိုသံတွေ
ခင်ဗျားတို့ ကြားကြလား ကြားကြရဲ့လားဗျာ
"စစ်"အမြစ်ပါမကျွန် နုတ်ထွင်းသင့်တဲ့အဆိပ်ပင်ကြီး
ပစ်နေကြတုန်းပဲ ဖြစ်နေကြတုန်းပဲ။

သူငယ်ချင်းရေ ခုလိုပြန်တွေ့ရတာ အရမ်းဝမ်းသာတယ်ကွာ
ဒီတောင်တန်းတွေက အရင်လိုရှိနေပေမယ့်
အရင်လို မလှတော့တာ သေချာ၊ အရင်လိုမဖြစ်တော့တာ သေချာ
ဟာ မင်းခြေထောက်တစ်ဖက် ဘယ်လိုဖြစ်
ဟင် မင်းမျက်လုံးတစ်ဖက် ဘယ်လိုဖြစ်
မင်းမိဘတွေရော မင်းမောင်နှမတွေရော
ဒီစစ်ရဲ့ဆိုးမွေတွေက ထာဝရငါတို့ရင်ကို ခြေမွသွားခဲ့ပြီပဲ
ပျော်ပွဲရွှင်ပွဲတွေကို ငါ့မောင်နှမတွေနဲ့အတူသွားချင်ပေမယ့်
သူတို့တွေ မရှိကြတော့
တစ်နှစ်ကူးလို့ ငါ့မိဘတွေကို ကန်တော့ဖို့ရာ
မြေပုံလေးတောင် ရှာမရတော့
"တောက်"သူတို့တွေ သေဆုံးသွားခဲ့ရှာပြီလေ
ဒီစစ်တလင်းထဲ ယမ်းငွေ့တွေ မစဲသေးဘူး
ဒီစစ်တလင်းထဲ သေနတ်သံတွေ မတိတ်သေးဘူးကွာ။

"ငြိမ်းချမ်းရေး"လည်ချောင်းပေါက်မတတ်အော်ခဲ့ကြလည်း
ဖြစ်မလာသေးတဲ့ အိပ်မက်
ခုထိ မက်နေတုန်း မိုးမှမလင်းသေးတာ
ငြိမ်းချမ်းရေးရဖို့ ငြိမ်းချမ်းစွာနေရဖို့
ငြိမ်းချမ်းဖို့အရေး တွေးဆွေးပြီး ဝေးနေရ။

ဟေး ရှိစီ
နာမည်နဲ့လိုက်အောင် သူ့အလှက ရဲလွန်း
တာမင်ဖန်တီးထားတဲ့ သူ့ဘဝက
မိန်းမဆန်မှုကို တစ်ဘဝလုံးစာ ထမ်းပိုးထားခဲ့တယ်
စောက်အခြောက်မ ငါတို့နား မလာနဲ့
AIDS မ သွား ကိုယ့်နေရာကိုယ်နေစမ်း
အတိတ်ကလှလှ မလှလှ ကျုပ်တို့နဲ့ လာရောရင်
ကျုပ်တို့ image ကျတယ် သွားစမ်း
လူသားဆန်မှုတွေ ပျက်သုဉ်းခဲ့
နာရီတွေက ခရီးသွားနှုန်း မြန်တယ်
သဏ္ဍာန်အရွေ့နှုန်းတိုင်း အရွေ့နှုန်းတိုင်း
ရှိမှု သိမှုနဲ့ နားလည်မှုတွေ တစ်စစ အက်ကွဲလာ။

ဝေး သားကြီး မေညီးတုံး ကုလား
မင်း မသေသေးဘူးနော်
ဘာ ငါတို့နဲ့ ကလယ်ကို လိုက်မယ်
မလုပ်ပါနဲ့ကွာ ငါတို့အပျော်တွေပါ မညီးကုန်ဦးမယ်
ဟား ဟား ဟား ဟား
ကိုယ်ချင်းစာတရားတွေ မေးမှိန်ခဲ့ပြီ
ထမင်းစားပြီး ကြီးပြင်းတာချင်း အတူတူ
လူကိုလူလို မသတ်မှတ်ချင်တော့
အလိမ္မာစကားလုံးများက သင်ရိုးညွှန်းတမ်းစာမျက်နှာများထက်
ခန့်ခန့်ကြီး ကြည့်ကောင်းလို့။

ခလို့လှတယ်လို့ဆိုစကားတစ်ခု ကြားဖူးနေလည်း
အစားပုတ်နေတဲ့ ဝတုတ်တုတ် နင်ကတော့
ဝိုင်းစုနိုင်သိန်း ပြောတဲ့ ရုပ်ဆိုးမပဲ
ငါတို့နဲ့ လာမပေါင်းနဲ့ စည်ပိုင်းလေးရေ
ခုခေတ်စကီးလေးတွေက ပါးပါးလေးဟာ ဖက်တီးမရှ။

စည်းလုံးညီညွတ်မှုမရှိတဲ့ လူမှုဆက်ဆံရေးတွေအတွက်
ကိုးကွယ်ရာဘာသာရေးအရ ခွဲခြားထားတဲ့ လူမှုဆက်ဆံရေးအတွက်
အသားရောင်ကွဲပြားမှုကို ခွဲခြားနေတဲ့ လူမှုဆက်ဆံရေးအတွက်
လိင်ကွဲပြားမှုကို ဖိနှိပ်ထားတဲ့ လူမှုဆက်ဆံရေးအတွက်
ဘယ်နချက်ပစ်ပစ် အဲဒီပစ်ချက်က ရည်မှန်းချက်ထိမှာ မဟုတ်ဘူး
ငြိမ်းချမ်းရေးစစ်စစ်နဲ့ ဒီမိုကရေစီစစ်စစ်ရဖို့
ကိုယ့်ရင်ဘတ်က အညစ်တွေကို ကိုယ်တိုင်စစ်ထုတ်တတ်ရမယ်။

လူလူချင်း လူလိုမြင်ပြီး လိင်မတူခွဲခြားနှိမ့်ချဆက်ဆံမှု
အသားရောင်မတူ ခွဲခြားနှိမ့်ချဆက်ဆံမှု
အဲဒီလို လူမဆန်တဲ့ နှိမ်ချဆက်ဆံမှုတွေ မရှိသင့်တော့ဘူး
မရှိရတော့ဘူး
ကျုပ်တို့က အသိဉာဏ်ရှိတဲ့ လူစစ်စစ်တွေ
ဘယ်ဘာသာဘာကိုးကွယ်မှုဖြစ်ဖြစ်
ကိုယ်ယုံကြည်ရာ ကိုယ့်ဘုရားတွေဆီ အာရုံပြုထား
အစုတွဲထားတဲ့လက်တွေကို မဖြုတ်စတမ်း ရှေ့ဆက်သွားမယ်
အားလုံးရဲ့ကိုယ်တွင်းစိတ်ထဲ
အသိသတိတံဆိပ်ကပ်လို့
စည်းလုံးညီညွတ်ဖို့အကြောင်း
ယဉ်ကျေးစွာ လက်တို့သတိပေးလို့ ပြောကြမယ်
ဟိုး အဝေးက ချိုးဖြူငှက်လေး
ဒီကမ္ဘာမြေဆီ တောင်ပံခတ် ပျံသန်းလာနေပြီ။ ။
■
ဝိုးဝိုး ၊ မောရမြိုင် ၊

# တက်လူတို့ရဲ့ ကျူးရင့်သံအဖွဲ့

# ငြိမ်းချမ်းရေးအင်အား
# ပြည်သူ့ခွန်အား

လှိုင်း ၊ ဓေား-၂ ၊

ချိုးဖြူလေးရဲ့အမှတ်တံဆိပ်ဟာ
ငြိမ်းချမ်းရေးအတွက်ပါ။

ငြိမ်းချမ်းရေးကို လမ်းညွှန်သူ
ရာပြည့်သခင်ကိုယ်တော်မှိုင်းပင်။

ငြိမ်းချမ်းရေးရဲ့ဖခင်ဟာ
ရာပြည့်သခင်ကိုယ်တော်မှိုင်းပါ။

ဖက်ဆစ်လည်းပြေး လွတ်လပ်ရေး
သူတစ်လူ ငါတစ်မင်း မဖြစ်ဖို့တွေး။

မြန်ပြည်အတွက် ရှေ့အရေး
ဆရာသခင်ကိုယ်တော်မှိုင်းက အမွေပေး။

သူမနာ ကိုယ်မနာဖြစ်ဖို့အရေး
အဘိုးမှိုင်းက ကြိုဆပေး။

ငြိမ်းချမ်းရေးရဲ့ပုံကိုင်ရှင်
ဆရာသခင် ကိုယ်တော်မှိုင်းပင်။

ရှေ့ဆက်လျှောက်မယ့် ငြိမ်းချမ်းရေး
အမေစုက ဦးဆောင်ပေး။

အမေစုလျှောက်တဲ့ ငြိမ်းချမ်းရေး
တို့တတွေ ပူးပေါင်းပါဝင်ကြစို့လေး...။

■

လှိုင်း ၊ ဆေး-၂ ၊

မောင်သုည(မန်းတော်သား)အဖွဲ့

# ကြေလွင့်သွားတဲ့ သွေးစက်ကလေးတွေရဲ့ ပြောတဲ့စကား

မောင်သုည ၊ မန္တလေး ၊

ကမ္ဘာကို ဖြတ်မောင်းမယ့် ရထားတစ်စီးက
တာမထွက်ခင်မှာ လမ်း လွဲချင်နေပြီ။

တေးသွားရှုရှုလေးတွေ ခင်းထားတဲ့
မရေဏာတံတားတစ်စင်းပေါ်ကို
အမယ်အိုတစ်ယောက် ဖြတ်လျှောက်ရင်း
သူမ ဖဝါးနုနုဆီက တစ်စတစ်စနဲ့
ကြေလွင့်ယိုစီးကျနေတဲ့ သွေးစက်လေးတွေက
သဲ့သဲ့လေး မကြားတကြား ပြောရှာတယ်
အောက်ကြမ်းပြင်က မီးပင်လယ်ကို
သူတို့သွေးစက်ကလေးက
ငြိမ်းသတ်ပေးမယ်တဲ့။

အတိတ်ကဖြစ်ခဲ့တဲ့
အတိတ်ဆိုး အဖြစ်ဆိုးတွေကို
ကျွန်တော်တို့ မုန်းတယ်
အမေ။

ပစ္စုပ္ပန်မှာ တွေ့နေရတဲ့
အဖြစ်ဆိုးတွေကို
ကျွန်တော်တို့ မုန်းတယ်
အမေ။

အနာဂတ်အတွက်
အဆိုးတွေ ဖြစ်လာမှာကို
ကျွန်တော်တို့ ကြောက်တယ်
အမေ။

လောဘ၊ ဒေါသ၊ မောဟတွေ
ကျွန်တော်တို့ ကမ္ဘာမြေ
မြန်မာပြည်ကြီးပေါ်
ကျရောက်နေပြီလား
အမေ။

အာဃာတတွေ
မာန် မာနတွေနဲ့ ဘာသာတရား
အစစ်မှန်တွေရဲ့နောက်ကွယ်
ဝါဒမှိုင်းတွေ ကျရောက်နေပြီ
အမေ။

အမှန်တရားဟာ တည်မြဲနေပေမယ့်
အမှားဘက်က ရပ်တည်နေကြပြီ
အမေ။

ဘယ်မှာလဲ မေတ္တာတွေ
ဘယ်မှာလဲ ချစ်တာတွေ
ဘယ်မှာလဲ ငြိမ်းချမ်းခြင်းတရားတွေ
ဘယ်မှာလဲ ကိုယ်ချင်းစာတရားတွေ

အရာအားလုံး ပျက်သုဉ်း
တစ်လောကလုံး အမှောင်ဖုံးခဲ့ပြီ။

လူကိုလူလို့မြင်ပြီး
မတူကွဲပြားမှုကို လက်ခံတဲ့ တို့အိပ်မက်ကမ္ဘာကလေးဟာ
ဘယ်နေရာဆီ ရောက်လို့သွားတာလဲ အမေ။

ဒီအိပ်မက်လေး အဆုံးသတ်သွားမှာကြောက်လို့
မနိုးထချင်တော့ဘူး အမေ…။ ။
■
မောင်သုည ၊ မန္တလေး ၊

အနာဂတ်ငြိမ်းချမ်းရေးမျိုးဆက်သစ်အဖွဲ့

# ငြိမ်းချမ်းရေးခရီးဝယ်

လှသစ် ၊ ဒဂုံ ၊

ဟိုအတိတ်က တို့မြန်မာ
ကျွန်ဖြစ်ခဲ့ရ နှစ်တစ်ရာ။

နယ်ချဲ့မိစ္ဆာ သူ့အုပ်စိုး
ညှဉ်းပန်းနှိပ်စက် လက်ဝါးမိုး။

မျိုးချစ်တစ်စု သစ္စာဆို
တိုင်းရင်းသားထိုထို။

တို့ညီအစ်ကို မောင်နှမ
ရဲစိတ်မာန်ဝင် ဇာတိပြ။

အောင်ပွဲတွေ့ရ အစဉ်လာ
စုစုရုံးရုံး ညီညွတ်စွာ။

နိုင်မာလက်တွဲ စိတ်ကောင်းမွေး
ငြိမ်းချမ်းစေရေး ငြိမ်းချမ်းရေး
ရှေ့ဆက်ချီတက်ပါစို့လေး။ ။

■

လှသစ် ၊ ဒဂုံ ၊

# Oxygen အပွဲ့

# ကျွန်တော်. . .ငြိမ်းချမ်းရေးကဗျာ မရေးတတ်ဘူး

ဥက္ကာရလမင်း ဘယ်ရော်

ငြိမ်းချမ်းရေးအတွက် ကဗျာတစ်ပုဒ် ရေးချင်တယ်
အတွေးစလေးတစ်ခုကို ဖမ်းမိဖို့
စက္ကူဖြူဖြူ မျက်နှာပြင်ကို ကြည့်မိတော့
အရိုးသားဆုံး ဝါကျတစ်ခု ထွက်ကျလာတယ်
ကျွန်တော် ငြိမ်းချမ်းရေးကဗျာ မရေးတတ်ဘူး။

ကျွန်တော် ငြိမ်းချမ်းရေးကဗျာ မရေးတတ်ဘူး
ငြိမ်းချမ်းရေးဆိုတာ လွယ်အိတ်ထဲမှာလား
ငြိမ်းချမ်းရေးဆိုတာ စာသင်ခန်းထဲမှာလား
လွယ်အိတ်သာ လွယ်ထားတယ်၊ စာသင်ခန်းက ပျောက်နေတယ်
စာသင်ခန်းတွေ့တယ်၊ သင်ပေးမယ့်သူ မရှိဘူး။

မငြိမ်းချမ်းတဲ့မြေမှာ ငြိမ်းချမ်းတဲ့သူတွေ မနေဘူး
ငြိမ်းချမ်းရေးဆိုတာ သမိုင်းထဲမှာလည်း မရှိခဲ့ဘူး
ငြိမ်းချမ်းရေးဆိုတာ လမ်းပေါ်မှာလည်း ရှာမတွေ့ခဲ့ဘူး

သမိုင်းမှာ ရှိတယ်၊ ဘကြီးမှိုင်းတောင် အမျှောက်ခံလိုက်ရ
လမ်းပေါ်မှာ ရှိတယ်၊ ပညာသင်နေရမယ့် ကလေးတွေပဲ ရှိတယ်
တိုင်းတစ်ပါးမှာလည်း ရှိတယ်၊ ကျွန်ခံနေရတဲ့သူတွေလည်း ရှိတယ်
မငြိမ်းချမ်းတဲ့မြေမှာ စကာတ်တိုတွေလည်း ရှိတယ်
ဘောင်းဘီချွတ်တွေလည်း ရှိတယ်
မငြိမ်းချမ်းတဲ့မြေမှာ ငြိမ်းချမ်းသူတွေ မနေဘူး
ငြိမ်းချမ်းရေးဆိုတာ ဘာသာတရားတိုင်းမှာ ရှိတယ်
ငြိမ်းချမ်းရေးဆိုတာ နိုင်ငံတိုင်းမှာ လိုတယ်
ဘာသာတရားတိုင်းမှာ ရှိတယ်၊ လူတိုင်းမှာတော့ မရှိဘူး
နိုင်ငံတိုင်းမှာ လိုတယ်၊ နိုင်ငံတိုင်းမှာ မရဘူး
မငြိမ်းချမ်းတဲ့နိုင်ငံမှာ ငါတို့နေထိုင်တယ်
မငြိမ်းချမ်းတဲ့နိုင်ငံမှာ ငြိမ်းချမ်းတဲ့သူတွေ မနေချင်ဘူး
ကျွန်တော့်လွယ်အိတ်ထဲမှာ ငြိမ်းချမ်းရေးကို ရှာတွေ့တဲ့တစ်နေ့
ငြိမ်းချမ်းရေးကဗျာတွေ ရေးမယ်။

ငါ
ငြိမ်းချမ်းရေးကဗျာ မရေးတတ်ဘူး

မျှော်လင့်ခြင်းတွေ
ငြိမ်းချမ်းစွာ သီးပွင့်လိုက်ချင်ရဲ့ဟာယ်…
ဖြူစင်လွတ်လပ်တဲ့မြေမှာ
ဒဏ်ရာဗရပွနဲ့ ငါတို့ မနေထိုင်ပါရစေနဲ့။

နင့်ဆီက တစ်ကျပ်စိုက်ရင်
ငါတို့လည်း တစ်ကျပ်စိုက်မယ်
ငါတို့ချစ်တဲ့ မြေကို တစ်လက်မတောင်
ထုတ်မရောင်းလိုက်ပါနဲ့။

မြစ်အထက်မှာ ငါတို့ နေတယ်
မြစ်အောက်မှာ နင်တို့ နေတယ်
တောင်ထက်မှာ ငါတို့ နေတယ်
မြေပြန့်မှာ နင်တို့ နေတယ်
ဒါဟာ ငါတို့ချစ်တဲ့ပြည် ငါတို့ချစ်တဲ့မြေ
နှလုံးသားကို ကျည်ဆံအစား မေတ္တာတရားနဲ့ ထိမှန်ပါစေ။

အမုန်းတရားကို အပြုံးအားနဲ့ ချေဖျက်ကြမယ်
ရင်တစ်ခုန်စာတိုင်းအတွက် ပင်လုံဟာ အသက်ဝင်နေပါစေ
ခုထိတော့...
ငါ
ငြိမ်းချမ်းရေးကဗျာ မရေးတတ်သေးဘူး။

ကျွန်တော်...
ငြိမ်းချမ်းရေးကဗျာ မရေးတတ်ဘူး။

အလွယ်တကူ သွေးထိုးခဲ့တဲ့
အမိကရုဏ်းနဲ့ ခြောက်လှန့်မှုတွေကြား
နားခါးတဲ့ ရလဒ်ခံစားမှုတွေမှာ
ကျွန်တော်မှ မငြိမ်းချမ်းခဲ့ဘာ။

အသားရောင်က
ဘဝအမှောင်ကို မလင်းစေခဲ့ဘူး။
မလှေ့ထုံးစံတွေက
အသွင်မတူလို့ အိမ်သူ မဖြစ်ခဲ့ဘူးလား။
နေထိုင်ရှင်သန်မှုတွေက

နေရာဒေသတွေမှားလို့ အရိုးပေါ်အရေတင်ခဲ့ရတာလား။
အိမ်မွေးခြံပေါက်တစ်ကောင်ရဲ့ မာန်ဖီသံမှာ
သစ္စာတရားကို လျှိုသပ်ခံခဲ့ရမှတော့
ငြိမ်းချမ်းရေးဆိုတာ ဝေးလာဝေး…။

အရှေ့ကိုပဲ လျှောက်လျှောက်
အနောက်ကိုပဲ လျှောက်လျှောက်
နေရာတိုင်းမှာ စည်းရှိတယ်။
လက်တစ်လုံးခြား ဥပဒေမှာ
ဂျပိုးကို လိပ်ဖြစ်တဲ့ပုံပြင်တွေ များလာမှတော့
သူခိုးကို ဓားရိုးကမ်း
မြေနိမ့်ရာ လှံစိုက်
အရိုးတွေ ခိုက်ခိုက်တုန်ခဲ့ရပြီ။
အစားမတော် တစ်လုတ်
အသွားမတော် တစ်လှမ်း
ရမ်းသမ်းပြီး လျှောက်ခဲ့တဲ့လမ်းမှာ
ပြောင်းဝတိုင်းဟာ ကိုယ့်ဘက်လှည့်နေတာချည်းပဲ။
သတ်ကြဟေ့…ဖြတ်ကြဟေ့…
ကျီးလန့်စာစားနေရတဲ့ဘဝမှာ
တဖြည်းဖြည်း ဝမ်းနည်းအားငယ်လာမိတယ်
ကျွန်တော်…
ဘယ်တော့မှ ငြိမ်းချမ်းရေးကဗျာ ရေးတတ်မှာ မဟုတ်ဘူး။

ကျုပ် ငြိမ်းချမ်းရေးကဗျာ မရေးတတ်ဘူး။
ကျုပ်ကို မြင်ရုံနဲ့ ခင်ဗျားတို့ မုန်းနေကြပြီမဟုတ်လား။
လက်နက်နဲ့ ငြိမ်းချမ်းရေး
အာဏာနဲ့ ယုံကြည်ချက်
လဲလှယ်မှုကစားပွဲတွေကြားမှာ
ကျုပ်ကတော့…ဖြစ်နိုင်ရင်
ဝါးမျှစ်နဲ့အသည်းအမြစ်သာ လဲစားလိုက်ချင်တာ
စစ်ကြောင့် ငြိမ်းချမ်းရမှာလား

မငြိမ်းချမ်းတဲ့သူတွေ စစ်ဖြစ်နေရတယ်။
စစ်ဆိုတဲ့အသံ ငါ မကြားချင်ဘူး။
အနာဂတ်တွေ မိဘမဲ့သွားတယ်။
ခြေပြတ်လက်ပြတ် အိုးအိမ်မဲ့ လူနေမှုစနစ် ထွန်းကားလာတယ်။
လူအချင်းချင်းလည်း စစ်ဖြစ်ရ၊ သယံဇာတအတွက်လည်း ဖြစ်ရ
အသားထဲက လောက်ထွက်တိုင်း
သယံဇာတတွေ ပျောက်ပျောက်သွားတယ်။
ရင်နာနာနဲ့ မျက်ကွယ်ပြုရပေါင်းများတော့
ကျုပ် ရင်ထဲမှာ မငြိမ်းချမ်းတော့ဘူး။
ခင်ဗျားတို့ရင်ထဲမှာ ကျုပ်ကို မုန်းနေကြတယ် မဟုတ်လား။
ကျုပ်က ခင်ဗျားတို့နဲ့ တိုင်းပြည်ကို ချစ်တာ
ခင်ဗျားတို့နဲ့ တိုင်းပြည်ကို ကာကွယ်ချင်တာ
အသာကို ကာကွယ်ရင်း သေ
နေရာကို ကာကွယ်ပေးရင်း သေ
မှားမှန်း မသိ မှန်မှန်းမသိ
တရားမှန်း မသိ မတရားမှန်း မသိ
တာဝန်မှန်း မသိ အမိန့်မှန်း မသိ
ဘာမှန်းမသိတာတွေ တစ်နင့်တစ်ပိုး ထမ်းထားရတဲ့
တောကြီးမျက်မည်းကြားက ရဲဘော်လေးတစ်ယောက်ပါ။

ကျုပ် ငြိမ်းချမ်းရေးကဗျာ မရေးတတ်ဘူး။
ခုဆို အရောင်တွေလည်း
ရင့်ရာမှ ဖျော့
ဖျော့ရာမှ လွင့်
နေစား လေစား ခံခဲ့သူတွေအတွက်
ကောင်းကင်ထက်မှာ
ကျိုးဖြူငှက်တွေသာ များများလာတယ်
ကျွန်တော်တို့တွေ…ခုထိ
ငြိမ်းချမ်းရေးကဗျာ…မရေးတတ်သေးဘူး။ ။
■
ဥက္ကာရလမင်း၊ ဘယ်ရော်

ငြိမ်းချမ်းရေးကမ်းလင့်လက်များအဖွဲ့

# ငြိမ်းချမ်းရေးကို လိုလားသူ

ကျော်ဇင်ဟိန်း ၊ ခရမ်း ၊

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
သွေးစည်းညီကာ စည်းလုံးစို့
လူမျိုးဘာသာ မခွဲခြားနဲ့
အများကိုမြင် အမှန်မြင်ကွဲ့
အသိပညာလည်း တိုးပွားကာ
အတတ်ပညာလည်း ရှိကြမယ်
စစ်ပွဲများကို ရှောင်ရှားပါ
ငြိမ်းချမ်းရေးကို လိုလားတဲ့
ပြည်သူများပါကွဲ့
တစ်ဦးမေတ္တာ တစ်ဦးပေါ်အား
စာနာထောက်ထားတတ်သူများ
ကိုယ်ချင်းစာတရား ထားစို့ကွယ်
စစ်ပွဲများကို ရပ်ကြမယ်
ရန်ပွဲများကို ရပ်ကြကွယ်…ရပ်ကြကွယ်
မေတ္တာတွေလည်း ထားကြပါစို့
ကရုဏာတွေလည်း ထားကြပါစို့
မုဒိတာများ ပွားလို့ကွယ်
နိုင်ငံတစ်ဝန်းက ပြည်သူများ
ငြိမ်းချမ်းရေးအတွက် ရှေ့ရှုတက်လှမ်းကြစို့လား။ ။

■

ကျော်ဇင်ဟိန်း ၊ ခရမ်း ၊

မြစိမ်းတောင်မှ သက်တံရောင်အဖွဲ့

# သွေးနဲ့ရေးတဲ့ ငြိမ်းချမ်းရေး

ရင်ကွဲမိုး ၊ နမ့်ဆန် ၊

ကတိကဝတ်ကို ဖောင်တိန်ထိပ်ဖျားနဲ့
ရေးခြစ်ခဲ့တယ်။

အသက်မပါတဲ့ လက်ချောင်းတွေရဲ့
ကွေးညွှတ်မှုတွေမှာ
အသက်တွေ အထပ်ထပ်နဲ့
ငြိမ်းချမ်းခြင်းကို သွေးနဲ့ ရေးခဲ့ကြတယ်။

ဆာလောင်မှုနဲ့
ပြေးလွှားနေရတဲ့ ခြေလှမ်းတွေက
အသက်ပျောက် မိုင်းတွေကို ရှောင်ကွင်းလို့
လွတ်မြောက်ရာဆီ အလုအယက်ပြေးနေလေရဲ့။

အတွေ့နဲ့ စီခြယ်ထားတဲ့
လူမျိုးရေး ပဋိပက္ခတွေနဲ့
ရှင်သန်ခဲ့ရတာ အနှစ်ခြောက်ဆယ်ကျော်
ဒါတောင်...
အခုထိ အသက်ရှူရတာ မောနေရတုန်းပါပဲ။

လေပြည်ရဲ့ သယ်ဆောင်မှုအနံ့အသက်တွေမှာ
သွေးညီနံ့တွေနဲ့ ရောယှက်လို့
မလတ်ဆတ်ခဲ့တာ ကြာပေါ့။

ဘယ်မှာလဲ ငြိမ်းချမ်းရေး
စောင်ပါးလွှာလေးတောင် မခြုံလိုက်ရဘူး
နွေရဲ့ပူလောင်မှုတွေနဲ့
အရိပ်မဲ့ခဲ့ရသလို
မိုးစက်တွေရဲ့ အေးချမ်းခြင်းအောက်မှာ
သောကအမှုတွေနဲ့ အိပ်ပေါင်မဲ့ခဲ့တာတွေ
နို့ဆာတဲ့ နှုတ်ခမ်းတွေက
စကားပြောတတ်မယ်ဆိုရင်
ကိုယ့်အိမ်အမိုး မိုးမယိုအောင်
ဖာထေးပေးကြပါလို့ ပြောနေမိမှာ အမှန်ပါပဲ။

အခုတော့
ပန်းမပွင့်တဲ့ သေနတ်ပြောင်းဝမှာ
သေမင်းဆီ အပြေးသွားနေရသလိုမျိုး
အသက်တွေကို စတေးနေရတာ
အကျိုးအမြတ်က ဆင်းရဲမွဲတေမှုနဲ့
လူမမယ်အရွယ်လေးတွေ ပညာမဲ့ခဲ့ရခြင်းပါပဲ။

ရပ်ကြပါတော့
အတ္တတွေရဲ့ လွန်ဆွဲခြင်းတွေ။
ရပ်ကြပါတော့
လူမျိုးရေး ပဋိပက္ခတွေ။
တစ်ပြည်တည်းနေ တစ်ရေတည်းသောက်
တစ်အူတုံ့ဆင်း မောင်နှမရင်းတွေလို
စည်းလုံးခြင်းတွေနဲ့
ငြိမ်းချမ်းရေးကို အေးအတူပူမျှ ခံစားရင်းဖြင့်
သွေးသားရင်းတွေရဲ့အသက်
တန်ဖိုးထားကြပါစေလို့
သွေးနဲ့ ရေးတဲ့ငြိမ်းချမ်းရေး
ပန်းတွေသာ ပွင့်ပါစေ
ရန့်တွေသာ သင်းပါစေ။ ။
■
ရင်ကွဲမိုး ၊ နမ့်ဆန် ၊

# မတူကွဲပြားသောမိသားစု

မြာဂျား

မီးနဲ့ရေ
တူနဲ့ပေ
သံသားနဲ့လူအား
ဆန့်ကျင်ဘက်အရာများနဲ့
ဖွဲ့စည်းထားတဲ့ ကမ္ဘာကြီးနား
ငါ ခဏရောက်သွားတော့
လား...လား...ကြားလိုက်ရတဲ့အသံတွေ
မီးများ မီးနိုင်
ရေများ ရေနိုင်ပေါ့
ပေဖြစ်ရင် ခံပေါ့
တူဖြစ်ရင် နှံဖို့အသင့်။

ဒီရဲ့မာန ငါမှငါကွ
လူရဲ့အတ္တ ငါမပေါ ဘယ်ဟာမှ မငြိး
ဟူး...အမှားကြီး မှားပေါ့

မီး၊ ရေ၊ တူ၊ ပေ၊ သံ၊ လူတွေကွဲ
တိမ်တိုက်ထဲက မိသားစု
ရေလှိုင်းပေါ်က ရွှေနိုင်ငံကြီး
လေလှိုင်းပေါ်မှာ တည်ဆောက်ကြတော့မှာလား…။

စဉ်းစား…စဉ်းစား
မီး၊ ရေ၊ တူ၊ ပေ၊ သံ၊ လူတွေကွဲ
ရွှေလက်မြိုပါမှ
အမိမြေအတွက် အသက်ဆက်မယ့်
မားကောင်းတစ်လက် ရမှာဟဲ့။

ပြဒါးတစ်လမ်း သံတစ်လမ်းလို
ငါ့မြင်းငါစိုင်း စစ်ကိုင်းရောက်ရောက်
ငါ့လှေငါထိုး ပဲခူးရောက်ရောက်
အတွေးပေါက်ရင်ဖြင့်
ရွှေပြည်တော် မျှော်တိုင်းဝေးပေါ့။ ။

■

မြဲဂျူး

# ဝိုင်းဝန်းကြိုးစား သွေးချင်းများ

ဒီဒီရံက်ဖြိုးစ်တာအောင်း

သူများတိုင်းပြည် လာဝေစည်သလောက်
တို့များတိုင်းပြည် စုမှသီတန်း
တို့များပန်းကုံး ယမ်းနံ့ဖုံးလျှက်။

သူများအလုပ် လိုက်တင်းတုတ်နဲ့
ကိုယ့်ရုပ်ပုံသာ ကိုယ်ခြယ်သပါ။
သူတို့လိုပင် လာစေချင်က
ငါနှင်လက်တွဲ စိတ်နိုင်မြဲမှ။
ယုံကြည်ချက်ပေါ် တွေးမမောနဲ့
ပုံဖော်တိုင်းသာ ဆက်ရှဲသွားပါ။

မြို့မှရွာထိ ငြိမ်းချမ်းရှိက
အတိသာယာ လာဝေဖြာဖို့
လူကြီးလူငယ် မာန်စိတ်ဖယ်လို့
ငါရယ်နှင်ရယ် မိတ်သဖွယ်သို့
လက်တွဲကြိုးစား ဝိုင်းဝန်းသွားမှ
တို့များတိုင်းပြည် မနေးစည်မည်။ ။

■

ဒီဒီရံက်ဖြိုးစ်တာအောင်း

# ဝပ်ကျင်းထဲက ညည်းသံ

ပန်းအိမ်ဖြူ

နေလား
ညလား
မသိကြဲတော့ဘူး။

ဒီဘက်ကလား
ဟိုဘက်ကလား
မသိကြဲတော့ဘူး။

ရေတွက်မနိုင်တဲ့
ကျည်သံ ဗုံးသံတွေရဲ့ကြားမှာ
အပြစ်မဲ့ပြည်သူတွေရဲ့အော်သံ
လွှတ်တော်က လူတွေကြားကြရင်
သိပ်ကောင်းမှာပဲ။

ဝပ်ကျင်းထဲ
ယမ်းငွေ့တွေနဲ့
အသက်ရှူမဝတော့ဘူး။

ပြေးလမ်းမရှိ
ပိတ်မိတဲ့ ဒီဝပ်ကျင်းထဲ

မျက်ရည်တွေ
သွေးစက်တွေ
ချွေးစက်တွေ
သေအံ့မူးမူးမျက်နှာတွေ

မြင်နေရတာ
ရင်နာစရာကောင်းလှတယ်

ဒီစစ်ပွဲ
ဘယ်တော့ရပ်ကြမှာလဲ
ဘယ်ထိ ခရီးရှည်ကြမှာလဲ။

ကျွန်မတို့
ရေဆာလှပြီ

ကျွန်မတို့
ဗိုက်ဆာလှပြီ

ကျွန်မတို့
အသက်ရှူကျပ်လှပြီ။ ။
■
ပန်းအိဖြူ

# ချိုးကူငှက်သံ

မာကဗျူရီ၊ လက်ဖက်မြေ၊

ကမ္ဘာမြေက စိမ်းလန်း
မိုးရေတွေ ပက်ဖျန်းလို့
အလှမ်းမဝေးတဲ့လေပြည်က
ပန်းရနံ့ဖိတ်စာဝေ
နေခြည်က မိုးအငိုက်မှာ
ရှပ်တိုက်လို့ပြေး
ဟို…အဝေးမှာ ဖွဲ့စည်းမှုရောင်စဉ်စုကို
ထုဆစ်ကြပေါ့။

သဘာဝရဲ့အရှင်သခင်
မိုးကောင်းကင်ကြီးက
အမိန့်တွေ ချမှတ်ထား
ဟယ်…လူသားတို့
သင်တို့လိုရာ ဖြစ်တည်လာသည့်
ကမ္ဘာမြေကို ကြိုဆိုကြလော့။
သင်တို့ခင်တွယ် လက်ဝယ်ဆုပ်ထား

အမုန်တရားကို လေးစားကြလော့။
သင်တို့ရိုကျိုး ဦးနှိမ်ချိုး၍
ယုံကြည်ကိုးရာ မြတ်နိုးပါလော့။
သင်တို့ကြည်ဖြူ နှစ်သက်သူထံ
နာခံမှတ်သား မြတ်တရားကို
မွှားများစည်ပင် အသိဝင်လော့။
သင်တို့နေရာ ဤကမ္ဘာမြေ
စိမ်းလန်းစေရေး အလေးပေးလော့။
အရာရာတွင် မေတ္တာသက်ဝင်
ပြစ်မမြင်ဘဲ ချစ်ခင်ကြလော့။
လူအချင်းချင်း နှိပ်စက်ကင်း၍
ရှိုင်းပင်းကာသာ ကိုယ်ချင်းစာလော့။
စည်းလုံးညီညာ လက်တွဲကာဖြင့်
ဤကမ္ဘာမြေတည်နေသရွေ့
ပညာရှေ့ဆောင် အမိုက်မှောင်ကင်း
လူသားချင်းတွင် အလင်းဝေ၄
ပျော်မွေ့ရအောင် စွမ်းဆောင်ကြလော့။

အို…အမိုးကောင်းကင်
ကျေးဇူးလွှမ်းပင် တင်သော်ငြားလည်း
ကျွန်ုပ်တို့လူသားများသည်
မတူညီသော ရုပ်တည်မှုအနေအထား
ကွဲပြားသော စိတ်ဝင်စားမှု
ခြားနားသော လိုအပ်ချက်အပေါ်
ဆော်လော်ကန့်လန့် အတွေးများဆန့်ကာ
ရုပ်တန့်၍ မနေနိုင်သောကြောင့်
ခံယူချက်တွေ ပြောင်းလဲ
အပြုအမူက ပေါက်ကွဲလို့
ဝန်းကျင်ကို ဂယက်ရိုက်
လောင်မြိုက်မှုရလဒ်နဲ့
A,B,C ချားရဟတ်မှာ
တို့ကမ္ဘာ အခက်မွေပြီပေါ့။

ဒီကြားထဲ
ကမ္ဘာကြီးဟာ ပူနွေးလာပြီ
အယ်လ်နီညိုဆိုလား
သူ ပေးသွားတဲ့လက်ဆောင်
တောမီးကလောင် မိုးကခေါင်နှင့်
မျှားမြောင်ရေဘေး စိတ်မအေးရ
ဆူနာမီက ရက်စက်
ဆန့်ကျင်ဘက် အနေအထား
သဘောတရားတစ်ခုရဲ့ ပေးအပ်မှု
မရယူလို ငြင်းဆိုခွင့်မရှိ
သောကတွေ အတိနဲ့
ဆယ်စုနှစ် သုံးခုကျော်မှဲ
ဘဝမဲ့သူတွေ ဘယ်လောက်ထိရှိနေလဲ
တို့ကမ္ဘာထဲမှာလေ။

ဒီကြားထဲ
လာနီညာက မခံချင်
ကြားဖြတ်ဝင်လာသောဓား
ပဋိပက္ခသံစဉ်များနဲ့
မပီပြင်သောတေးသွား
အအေးလှိုင်းတွေ ပေးထားခဲ့
အသက်မဲ့သူတွေ
ဘယ်လောက်ထိရှိနေလဲ
တို့ကမ္ဘာထဲမှာလေ။

ဒီကြားထဲ
အိုဇုန်းလွှာပါးလာပြီ
ရာသီရဲ့ပြောင်းလဲမှု
ဓာတုဆေး မျှလီလီ အစားတွေနဲ့
ကမ္ဘာမြေဟာ
သဘာဝကို တမ်းတလို့နေရပြီ။
ကမ္ဘာ့ရေရဲ့လမ်းကြောင်းတွေ
တိမ်းစောင်းနေပြီ။
ကမ္ဘာ့လေပြည်နောက်ဆုတ်လို့
မုန်တိုင်းတွေ အန်ထုတ်နေပြီ။

ဒီကြားထဲ
လောဘရဲ့သားကောင်
များမြောင်တဲ့အလွှ
မောဟက ကုပ်စီးထား
အမုန်းပွားတဲ့ ဒေါသကိုရှေ့ပို့
အချို့ချို့သောလူများ
စီးပွားဆန်ဆန် ဝေဖန်ရရင်
ဝင်ထွက်စာရင်းမှာ

ညီမျှခြင်းက အတောင်းရှန်းတော့
အရှုံးအမြတ်က ဆုံးဖြတ်ချက်ချတယ်
ဘယ်သူတွေ ဘယ်လောက်ထိ
နစ်နာသူရှိပြီလဲ
တို့ကမ္ဘာထဲမှာလေ။

အမျိုးသားမာန် ဝေဖန်ပြန်တော့
ထိမခံဘူး မကျူးကျော်ရ
ဒါက တို့ပြည် ငါတို့မြေပေါ့
သက်သေသော်လည်း ဝမ်းမနည်းဘူး
ငါခွဲလေးက လူတိုင်းမှာ ရှိတယ်
ကာကွယ်သူနဲ့ စည်းဖောက်သူတွေ
အဖြေမှန်ရဖို့ ကြေမွသွားတဲ့
သမိုင်းရဲ့စာမျက်နှာ
ဘယ်နေရာရောက်နေလဲ
တို့ကမ္ဘာထဲမှာလေ။

ပညာရေးဟာနဲ့ ဝေဖန်လိုက်စမ်း
မငြိမ်းချမ်းတဲ့ ဒေသရဲ့ပန်းတိုင်
မနိုင်မာဘူး။
လူးလာပြေးပြန် စစ်ဘေးဒဏ်ကြောင့်
အခြေခံမှ မကျေခဲ့ရ ဗျည်းသရနဲ့
အစမကောင်း အသိနှောင်းတော့
ဟောင်းလောင်းဉာဏ်ဝယ် လူမမည်တို့
သိကြွယ်မလား စဉ်းစားကြည့်ပါ
အလိမ္မာပေး ယဉ်ကျေးစေရာ
ပညာသဘော စာအပြောကို
စောကြောမတတ် အမှတ်မှားတော့
ပွားများလာခဲ့ အိုးအိမ်မဲ့နဲ့
ရှို့တဲ့စရိုက် လူမိုက်တွေက
ဘယ်လောက်ထိ တိုးလာမလဲ
တို့ကမ္ဘာထဲမှာလေ။

ဒုသာနဆန်ဆန် ဝေဖန်ပြန်တော့
အမှန်တရားက ဒါပဲဟော့
တွေဝေလို့ မဖြစ်ဘူးဆိုပြီး
ဆုပ်ချုံးစားရှူး မထူးခတ်ခင်း
အမိုက်ကျင်းထဲမှာ ဝပ်ဆင်းရသူတွေ
ဘယ်လောက်ထိရှိနေလဲ
တို့ကမ္ဘာထဲမှာလေ။

ကဲ ဘယ်လိုဖြေရှင်းကြလဲ
ကမ္ဘာမြေမှာ ဖြစ်တည်လာတာ
ဖျက်ဆီးဖို့မဟုတ်
ပျက်စီးမှုအဖြေထုတ်မယ်။
အမုန်းပွားဖို့ မဟုတ်
အကြောင်းတရားကို အဖြေထုတ်မယ်။

ခွဲခြားဖို့မဟုတ်
ကွဲပြားမှုအဖြေထုတ်မယ်။
ပြယုဂ်တစ်ခုရဲ့ရလဒ်
လိုချင်တာထက် လိုအပ်ချက်ကို
ဖြည့်စွက်ရမယ်။
မတူညီမှုအခြေပြုတဲ့
လူမှုဝန်းကျင် အလွှာပြင်ကြား
စည်းခြားထားရင် လေးစားမှုနဲ့
ထပ်တူပြုကြ ဆက်ဆံရမယ်။
ဒုက္ခတွေသူ ဖေးမထူကာ
စာနာမှုနဲ့ ကူညီရမယ်။
ခက်ထန်သူတွက် ဆင်းသက်မေတ္တာ
ကရုဏာနှင်း ရင်တွင်းသံယော
တူမျှနှောလို့ အမောဖြေခွင့်
ပေးထားနှင့်မယ်။

မြေနဲ့ရေ ဖွဲ့စည်းပုံမတူပေမဲ့
ကမ္ဘာမြေကို ဖြစ်တည်စေခဲ့
နေနဲ့လ စွမ်းအင်က မမျှပေမဲ့
လောကကို လှပစေခဲ့
လေနှမနဲ့ မီးကိုကို
ရန်မလိုဘူးဆိုရင်
လေနှင်ရာပြေး ပန်းတွေရဲ့ မွှေးရနံ့ကြူ
မီးအကူမယူလို့ ရရှိုးလား
အသွင်မတူတာ ဘေးဖယ်ကာထား
အားလုံးဟာ ဘဝခရီးသွားတွေပါ
ကိုယ်တို့ရဲ့လောငယ် ဝဲရယ်မစုပ်
မနစ်မြုပ်ဖို့ အားထုတ်ရမှာလေ။
မြန်ပြည်သားချင်း အငြင်းမပွားဘဲ

အသွင်ကွဲသော်မှ
တူမျှတဲ့စိတ်ဓာတ်နဲ့
ဖေးမတာတဲ့ရင်
ပန်းဝင်အတူတွဲ
နိဂုံးမြို့ထဲမှာ
ပကာသနက ချန်ခဲ့ရမှာလေ။
ဘာဖြစ်လို့အမုန်းပန်းတွေ ဝေနေမှာလဲ
ဘာဖြစ်လို့ အာဃာတတွေ ထားနေမှာလဲ
ဘာဖြစ်လို့ ငြိမ်းချမ်းရေးတံခါး ပိတ်ထားမှာလဲ
ညီနောင်သွေးချင်း ရောင်းရင်းတို့ရေ
တို့မွေးဖွားရာ ဒီကမ္ဘာမြေ
စိမ်းလန်းစေဖို့ ညီညွတ်စို့လား
တို့ဦးချရာ မိမြန်မာပြည်
ငြိမ်းချမ်းစေဖို့ တစ်မြေတည်းနေ
တို့တွေရဲ့လက် တွဲဆက်ထားမယ်
တို့တွေရဲ့စိတ် ချိတ်ဆက်ထားမယ်
တို့တွေရဲ့အမြင် နှင်းယှဉ်ကြမယ်
တို့တွေရဲ့အား သင့်ပြင်ထားမယ်
နားလည်မှုကို တေးဆိုကြမယ်
မျှတမှုအတွက် အသက်ရှင်ကြမယ်
အဓိပ္ပာယ်ရှိတဲ့ ဖြစ်တည်ခြင်းက
လူသားမှန်သမျှ ကိုယ့်စံကိုယ်ဟန်
ကိုယ့်သဏ္ဌာန်နဲ့ ရှင်သန်ခွင့်များ
အလေးထားလို့ ရှေ့သို့ချီလှမ်း
ငြိမ်းချမ်းရေးပန်းခင်းမှာ
သစ္စာတေး သီရအောင်
ရွှေရိုးမြေရေ
ကူလေတဲ့ ကူကာ…
ကူလိုက်ပါဦး။ ။
■
မာကျူရီ ၊ လက်ဖက်မြေ ၊

# ကမ္ဘာမြေ ငြိမ်းချမ်းသာစေဖို့

စိုင်းလျှန်း

နေနဲ့လ
အအေးအပူ မတူပါလည်း
နေ့ဘက် သူရှိန်သခင်
ညဘက် လအရှင်
အလင်းချင်းသာ မျှ
ပေးဝေသည်ကအမှန်
ကမ္ဘာမြေ တင့်စံသာယာဖို့။

လေနဲ့ရေ
အသွင်ချင်း မတူပါလည်း
မရှိမရ ဤလောကတွင်
လေသခင် ရေအရှင်လည်း
ပူးပေါင်းကာပေးစွမ်း သတ္တရယ်လန်းဖို့
လေကလည်း ရေကိုမနှင်
ရေကလည်း လေကိုခင်
ကမ္ဘာမြေကို အလှဆင်
ငြိမ်းချမ်းစေဖို့ အမှန်ပင်။

သစ်ပင်တို့အစုံ . . .
ကြီးငယ်ပေါက်ရောက် အားလုံးသုံးဝင်
မြက်ပင်ကစ ပင်ကြီးထိပင်
စားဝတ်နေရေး စတေးအစဥ်
လောကသားများ ညှို့ဝတ်ထားလျှင်
ရောင်သွေးဆေးခြယ် ကမ္ဘာလယ်တွင်
ငြိမ်းချမ်းစေဖို့ အမှန်ပင်။

ပန်းပေါင်းသွယ်သွယ် ရေရန်မလွယ်
လှကြွယ်စေကန် ပြိုင်စံမရှိဘဲ
သူထက်ငါသာ အလှရှိလည်း
သူတို့တွက်ရယ် သူတို့မလှ
ကမ္ဘာတွက်တာ အလှဆင်
ငြိမ်းချမ်းရေးရဲ့ ပန်းခင်းပြင်။

ကမ္ဘာမြေဝယ်
တောင်စဥ် တောင်တန်း ချိုင့်ဝှမ်းပေါလည်း
ငါက တောင်စဥ် သူကချိုင့်ဝှမ်း
မခွဲလောဘူး
ပေါင်းစုံညီညာ တစ်ခုသောကမ္ဘာမှာ
ငြိမ်းချမ်းစရာသာ တည်ရှိတာ။

မြစ်ချောင်းအင်းအိုင် ပင်လယ်ပိုင်လည်း
ချိုင်နှန်ပေါ့တယ် ကျဉ်းကျယ်မကြည့်
ရေကိုသာမြင် အကျိုးသိကြ
မိုးသားကစ ရေဖြစ်လာတယ်
ကမ္ဘာမြေရယ် အေးချမ်းကြည်ဖို့။

နေပူလေမှ ဓိုးမောင်းချထိုး
မိုးရွှေနတ်သား ဆင်းကာသက်တော့
ရောင်စဉ်စုနစ်သွယ် သက်တံရယ်လို့
လှမျိုးဖြာဝေ ဤကမ္ဘာမြေ
သာစွရှိပါ့ အလှတွေ။

ဤသို့စံထား မြတ်တရားနဲ့
စောင့်ကြားကျင့်ဖြူ ဝတ်ငါးစုကို
ပုဆိုးဝတ်သို့ နိုင်နိုင်ထားကြ
အစွာကိုဖယ် မာန်ကိုပယ်ကာ
သွေးချင်းတို့ရေ လက်တွဲစေ
ငြိမ်းချမ်းရေးဆီသို့ ချီတက်မလေး။ ။
■
နိုင်းလျှမ်း

# ငြိမ်းချမ်းစိမ်းလန်းအဖွဲ့

# ငြိမ်းချမ်းခြင်း ငတ်နေတဲ့ အိမ်

ငြိမ်းချမ်းစိမ်းလန်း

တစ်ခုသော နေ့သာတဲ့နေ့တစ်နေ့မှာ
အမေ့ဆီက စာတစ်စောင်
ကျွန်တော်တို့ဆီကို
လူကြုံနဲ့ ရောက်လာခဲ့ပါတယ်။

တစ်ခုသော နေ့သာတဲ့နေ့တစ်နေ့မှာ
အမေ့ဆီက စာတစ်စောင်
ကျွန်တော်တို့ဆီကို
လူကြုံနဲ့ ရောက်လာခဲ့ပါတယ်။

အိမ်ကြီးက တော်တော်ပျက်နေပြီ။
အမေ မွေးထားခဲ့တဲ့ သားတို့ သမီးတို့ရေ
အဝေးတစ်နေရာကနေ ဒီသတင်းကြားရင်ဖြင့်
အမြန်ပြန်လာပြီး အိမ်ကြီးကို ပြန်ပြင်ဆင်ကြဖို့
အမေ အကြောင်းကြားလိုက်ပါတယ် တဲ့။

ဟူး…ငြိမ်းချမ်းခြင်းငတ်နေတဲ့ အိမ်
ဟူး…ငြိမ်းချမ်းခြင်းငတ်နေတဲ့ အိမ်

*မျက်ရည်စဆက်လက်နဲ့ရေးတဲ့စာသားမှာ*
*သားတို့ကို မျှော်နေတဲ့အမေရဲ့စာစကားများ*
*အိမ်ကို ပြန်လာဖို့ တောင့်တတဲ့စာသားများ*
*ဖတ်ပြီး ပစ်ထားခဲ့မိလို့ ကြီးမွာနောင်တရ သားတို့သိပါတယ်*
*အမေလည်း အရမ်းကို ပင်ပန်းနေပါပြီ*
*နှစ်ကာလအတော်ရှည်ကြာခဲ့တဲ့ အိမ်ကြီးလည်း ညစ်နွမ်းနေပါပြီ*
*ခါးသီးမှုတွေ ခါးစည်းခံရတဲ့အမေ့မျက်ဝန်း အရည်ခန်းနေပါပြီ*
*နားပါတော့*
*အဆင့်အတန်းတွေခြား အမြင့်မှန်းနေကြတဲ့လူတွေကြား*
*အိမ်ကို သားအစု ပြန်လာနေပါပြီ*

အနောက်ဘက်စည်းရိုးကျိုးပေါက်တာကအစ
အရှေ့ဘက်အရပ်က အကာအကွယ်မဲ့လာတာတစ်ဖုံ
အခြေခြစား ခေါင်မိုးမလုံတော့တဲ့ အိမ်မကြီးအပေါ်က
ပြဿနာတွေအဆုံး
အမေ ဘယ်လိုလုပ်သင့်တုံးဆိုတာကိုလည်း
အကြံဉာဏ်ပေးကြပါဦး ကလေးတို့ရေ တဲ့

အို အမေ
ပြိုပျက်လုနေပြီတဲ့လား ကျွန်တော်/ကျွန်မတို့ အိမ်
ခြတွေ စားနေပြီတဲ့လား ကျွန်တော်/ကျွန်မတို့ အိမ်
အခြေတွေ ယိုင်ချွေးနေပြီတဲ့လား ကျွန်တော်/ကျွန်မတို့ အိမ်
ခေါင်တွေ မလုံတော့ဘူးတဲ့လား ကျွန်တော်/ကျွန်မတို့ အိမ်

ဒါတွေ မဖြစ်သင့်ပါဘူး
ကျွန်တော်တို့မှာလည်း တာဝန်ရှိတာမို့
ကျွန်မတို့မှာလည်း တာဝန်ရှိတာမို့

ကိုကြီး ကိုငယ်
မကြီး မလေး
မောင်ထွေးနဲ့ အငယ်လေးတို့ရေ…

တို့တစ်တွေငယ်ငယ်က
အတူတကွ ဆော့ကစားလို့
ကြီးပြင်းခဲ့တဲ့အိမ်ကြီး
အတူနေ အတူစား အတူသွားလို့ ပျော်ပါး
အမေ့အရိပ်များ လွှမ်းခြုံတဲ့ အိမ်

ငါတို့ ပြန်ကြဖို့ အချိန်တန်ပြီလေ
ငါတို့ ပြန်ကြဖို့ အချိန်တန်ပြီလေ

ညီလေး ညီမလေး မင်း ဘယ်ရောက်နေတာလဲ
အမေက မင်းကို လိုအပ်နေချိန် ဘယ်ပျောက်နေတာလဲ
ငါတို့တွေအတွက် ချမ်းသာသုခတွေ
သယ်ရောက်ဝင်လာတဲ့ အမေ
အခု ငါတို့ကို လိုအပ်နေပြီ
သူ့သားသမီးတွေကို မျှော်တဲ့စိတ်နဲ့ အမေလည်း ငိုတတ်နေပြီ
အရေးမပါတဲ့အရာတွေ ထားခဲ့ပါ ငါ့ညီ
မလိုအပ်လေသည့် ရေမြေခြား ပျော်စရာအပိုတွေသည်
အတားအနှောင်ဖြစ်ပြီး ထိုအရာတွေက အမေနဲ့အိမ်ကို
ပြန်မသွားနိုင်အောင် ဖြိုဖျက်နေသည်။
အခုပြန်ကြည့် ငါတို့အိမ်က ဖြိုနေပြီ မလုံခြုံတော့ဘူး
အခြေတွေလည်း ယိုင်နဲ့နေပြီ မလုံခြုံတော့ဘူး
ခေါင်တွေလည်း ခြစားနေပြီ မလုံခြုံတော့ဘူး
ဒီအိမ်ထဲကလူတွေ တာဝန်မကျေလို့
ဒီအိမ်ကြီး မလုံခြုံတော့ဘူး။

အမေ့ရင်ငွေ့နွေးနွေး
အမေ့မေတ္တာ အေးအေး
ငြိမ်းချမ်းခြင်းတေးသံတွေကြား
တို့တွေ လူလားမြောက်ခဲ့ကြ
အမေ့အိမ်ကို မေ့ခဲ့ကြတာ ကာလကြာ
အခုတော့ ပြန်လှည့်ကြည့်သင့်ကြပြီကွာ။

မတည့်အတူနေ မမြင်ချောင်းကြည့်
မောင်နှမသွေးချင်းသားရင်းဆိုတော့လည်း
အတူတူအိပ်ခဲ့တဲ့ အခန်း
အတူတူစီးမှုးခဲ့တဲ့ ခန်း
ပြန်တွေးရင်း လွမ်းမိပါသေး
ဟိုးဝေးဝေးက အမေ့အိမ်ကလေးရယ်

တစ်ခါက အမေ့အိမ်ကလေးမှာ
သာသာယာယာပျော်မြူးကြသလို
တစ်ခါတစ်ခါ ရန်ဖြစ်တတ်ကြပေမဲ့လည်း
နင်တော် နင်တန်
နင်ပြန်မပြောသင့်ဘူး အခုရပ်လိုက် ဆိုတဲ့
အမေ့ရဲ့မျှတခြင်းတွေက ဆုံးမ
တို့အိမ်ကြီး ပျော်စရာသိပ်ကောင်းခဲ့ရ

ကဲပါလေ
ရှေးရှေးက ချစ်ခြင်းတရားနဲ့ အတူနေထိုင်
စည်းလုံးမှုတွေ နိုင်မာခဲ့တဲ့အိမ်ကြီး
အခုလိုပျက်စီးတာ မဖြစ်သင့်ပါဘူး
အမေ့သွေးသား တို့များတစ်တွေ
တာဝန်ကိုယ်စီယူကြစို့

အမေ့ရင်ငွေ့နွေးနွေးလေး အမေ့မေတ္တာလေး
ကျွန်တော်တို့အပေါ် ကျရောက်ခဲ့သော ပျော်ရွှင်စရာအချိန်ကလေး
အမေနဲ့ကျွန်တော် ဝေးခဲ့ကြတော့ အိမ်နဲ့လည်း ဝေးခဲ့ရောပေါ့
ပျော်ရွှင်စရာအချိန်ကလေးလည်း အားလုံးပဲ ပျောက်ကွယ်သွားရော
သတိရပါတယ် ကျွန်တော့်မောင်နှမ ရန်ဖြစ်ခဲ့ချိန်မှာ
မခေါ်ဘူး မပြောဘူး အချင်းချင်းစိတ်ကောက်ခဲ့ချိန်မှာ
အမေက သမာသမတ်ကျစွာ ဖြေရှင်းပြီးတော့
မောင်နှမတွေကို ပြန်ချစ်ခဲ့စေတာ ဟုတ်ပါတယ် အမေ့ကြောင့်ပဲ
ကျွန်တော်တို့မောင်နှမတွေ အမှန်သင့်မြတ်နေမှာပါ။

ကိုကြီး ကိုငယ်က
အနောက်ဘက်စည်းရိုးကို လှံအောင်ကာ
လာ လာ အငယ်မ
နှင်နဲ့ငါက ခြံရှေ့စည်းရိုးအသစ်ပြင်
ကိုထွေးရေ မြင်သလား မင့်တာဝန်
အိမ်အခြေ ခြစား တိုင်များ လဲကြရအောင်

နားထောင်ပါ မကြီး ဒီခေါင်မိုးကြီးကို အသစ်လဲပေး
အငယ်လေးက အပြေးကူ
ဘယ်သူ့ဘယ်သူမှ အပြစ်မဆိုပါနဲ့တော့
အမေ စိတ်အေးလက်အေး နေပါစေ

အိမ်ဟောင်းကြီးကို မြင်တဲ့အခါ
ဟိုအရင်က အနာအဆာတွေ ပြန်တွေး
လိုအပ်တာလေးတွေ ဖြည့်စွက်
တစ်ယောက်နဲ့တစ်ယောက် တွဲကူ
အယူအဆ မကွဲလိုက်ကြနဲ့

တို့တစ်တွေမှာ တူညီတာက
အမေထားခဲ့တဲ့ အမွေအိမ်ကလေး
စည်းရိုးလေးနဲ့ လုံခြုံ
ရေစပ်မှုနဲ့ နိုင်ခန့်
မေတ္တာများနဲ့ တောက်ပ
နွေးထွေးမှုနဲ့ ငြိမ်းချမ်းဖို့အတွက်
တို့တစ်တွေ ပေးဆပ်ရမယ့်အလှည့်မှာ
တာဝန်တွေ ကျေလိုက်ကြစမ်း

နောင်လာမယ့်နှစ်တွေမှာ
မျိုးဆက်တွေ ကျန်ခဲ့တဲ့အခါ အမေဦးစီးတဲ့
တို့မောင်နှမတွေရဲ့သမိုင်း မရိုင်းစေဖို့အတွက်
လာကြ ညီအစ်ကိုတို့
လာကြ နှမတို့ အစ်မတို့
လှပနိုင်ခဲ့တဲ့အိမ်ကြီးတစ်လုံးကို
ပျော်စရာသီချင်းတွေ ဆိုကြရင်း
မကောင်းတာတွေ အသစ်လဲ
ဟောင်းနေတာတွေ ပြုပြင်
တို့တွေအားလုံးရဲ့အိမ်ကြီး
အမြန်ဆုံးပြီးစီး လှပသာယာလာတဲ့အခါ

အိမ်ကြီးထဲ အတူတကွ ပြန်လည်နေထိုင်ကြရင်း
ကြီးပြင်းလာမယ့်မျိုးဆက်တွေ တိုးတက်ဖို့ စီမံ
မှာတဲ့အမေ့စကားတွေ နာခံလို့
စံပြအိမ်ထောင်စုကြီးအဖြစ်
အိမ်နီးချင်းတွေ လေးစားနေလေအောင်

တို့တွေအားလုံး ညီညွတ်စွာနဲ့
ကြိုးပမ်းလိုက်ကြရအောင်လေ

ဟူး...ငြိမ်းချမ်းခြင်းပန်းတွေ ပွင့်စေ
ဟူး...ငြိမ်းချမ်းခြင်းပန်းတွေ မွှေးစေ

အတိတ်က ရခဲ့တဲ့ အပြစ်အနာအဆာ အနာတရက
ရှေ့ဆက်သမိုင်းအသစ်ကို ထပ်ရေးဖို့ သာဓကကွ
သူတစ်လူ ငါတစ်မင်း ဆောင့်ကြွားနေတဲ့ ဆရာများအား
ညီညာတဲ့ တွဲလက်နဲ့ မောင်းထုတ်လိုက် တစ်ခါတည်းကွာ
အစုဆို ငါတို့က ချစ်ခြင်းတရားများနဲ့ အထာလည်းကျ
အမုန်းတရားတွေ ဘေးဖယ်ထားတော့ ကမ္ဘာလည်းလှ
ငြိမ်းချမ်းရေးပန်းတွေ ပွင့်လန်းဖို့ တွဲလက်တွေ ညီပြီလားကွ
မေးပါရစေ မောင်နှမတွေ အားလုံးညီပြီလားကွ

ညီစေနော် ညီစေ
ညီစေနော် ညီစေ
ညီစေနော် ညီစေ
■
ငြိမ်းချမ်းစိမ်းလန်း

# ရွှေမြန်မာတို့ရဲ့ ငြိမ်းချမ်းရေးအဖွဲ့

## ငြိမ်းချမ်းပါစေ ကမ္ဘာမြေ

နေဦးရဲလင်း ၊ လက်ပံတန်း ၊

ကမ္ဘာမြေမှာ နေသူတွေ
စစ်ပွဲတွေနဲ့ တွေကြုံနေ
အိပ်မျက်ညတွေ ကုန်ပါစေ
အိပ်မက်လှလှ မက်ပါလေ။
လူသားတိုင်းရဲ့အတွေးထဲမှာ
ငြိမ်းငြိမ်းချမ်းချမ်းနေချင်တာ
လူမျိုးဘာသာမခွဲခြား
မေတ္တာတရားတွေ ရင်မှာထား
သေနတ်သံ ဗုံးသံတွေကြားရရင်
အော်ဟစ်ကာပဲ ငိုလိုက်ချင်
ပျော်ရွှင်စရာတွေ ပျောက်ကွယ်ဆုံး
ဘဝတွေက အမှောင်ဖုံး
အမုန်းတရား စစ်ပွဲရပ်ပါကွယ်
ကမ္ဘာမြေမှာလည်း
ငြိမ်းချမ်းမယ်...
ငြိမ်းချမ်းမယ်...
ငြိမ်းချမ်းမယ်...
■
နေဦးရဲလင်း ၊ လက်ပံတန်း ၊

# Rainbow Rays အဖွဲ့

# ငြိမ်းချမ်းသော ကမ္ဘာမြေသို့

**Rainbow Rays**

ကမ္ဘာမြေ ငြိမ်းချမ်းပါစေလို့ ဆုတောင်းမယ့်အစား
ကျည်ဆန်တွေ ပန်းဖြစ်ပါစေလို့ ဆုတောင်းမယ်
ကမ္ဘာမြေသာယာပါစေလို့ ဆုတောင်းမယ့်အစား
ပန်းတစ်ခင်း အတူမျိုးကြမယ်။

ကမ္ဘာ့စစ် နှစ်ကြိမ်ရဲ့ အတွင်းကြေဒဏ်ရာတွေနဲ့
ယနေ့ထိ အနာမကျက်နိုင်သေးတဲ့ ကမ္ဘာမြေဟာ
ယနေ့ထိ မငြိမ်းနိုင်သေးသော စစ်မီးများ
ယနေ့ထိ မလွှင့်ပြယ်နိုင်သေးသော ယမ်းနံ့များ
ယနေ့ထိ မျက်ရည်မခန်းနိုင်သေးသော ငိုချင်းများ
ယနေ့ထိ ခေါင်းလောင်းသံ မညံနိုင်သေးသော စာသင်ကျောင်းများ
ယနေ့ထိ ကျောင်းမတက်နိုင်သေးသော အနာဂတ်များ
ယနေ့ထိ အသက်လုပြေးနေရဆဲ မနက်ဖြန်များနဲ့
ယနေ့ထိ ပျောက်ဆုံးနေရဆဲ မျှော်လင့်ခြင်းများ
ကမ္ဘာမြေဟာ ယနေ့ထိ သာယာငြိမ်းချမ်းခြင်း မရှိနိုင်သေး။

ကမ္ဘာမြေ သာယာမှုမဲ့ မငြိမ်းချမ်းနိုင်သေးသရွေ့
ကမ္ဘာသူ ကမ္ဘာသားတွေကရော ဘယ်ပုံအေးချမ်းသာယာနိုင်ပါ့မလဲ
ကမ္ဘာစစ်ကို လူသားတွေကပဲ ဖန်တီး
ဈေးကလီးယားကို လူသားတွေကပဲ ဖန်ဆင်း
ဂျူနီစနစ်ကို လူသားတွေကပဲ တည်ဆောက်
လူတန်းစားကိုလည်းလေ လူသားတွေကပဲ ခွဲခြားခဲ့
ကမ္ဘာမြေမှာ...(ဟောဒီကမ္ဘာမြေမှာ)
အဒေါ့ဖ်ဟစ်တလာပေါ်ခဲ့သလို မာသာထရီဇာလည်း ပေါ်ထွန်းခဲ့
ဘင်လာဒင်ပေါ်ခဲ့သလို မဟာတ္တမဂန္ဒီလည်း ပေါ်ထွန်းခဲ့
အေဗရာဟင်လင်ကွန်း ပေါ်ခဲ့သလို နေဝင်းလည်း ပေါ်ထွန်းခဲ့
ဓမ္မပေါ်ထွန်းခဲ့သလို အဓမ္မလည်း ပေါ်ထွန်းခဲ့
ဓမ္မဘက်တော်သားတွေ ပေါ်ထွန်းခဲ့သလို
အဓမ္မဘက်တော်သားတွေလည်း ပေါ်ထွန်းခဲ့
အမေရိကမှာ အေဗရာဟင်လင်ကွန်းက ကျွန်စနစ်ကို ဖျက်သိမ်းခဲ့
လူဖြူလူမည်းခွဲခြားမှုကို တော်လှန်ခဲ့
ပါကစ္စတန်မှာ မာလာလာက အမျိုးသမီးထုရဲ့လူ့အခွင့်အရေးအတွက်
သေနတ်ကျည်ဆန်တွေ အံတုခဲ့
ဒီနိုင်ငံမှာ ဗိုလ်ချုပ်အောင်ဆန်းက သူ့ကျွန်ဘဝကို တွန်းလှန်
သူ့နိုင်ငံ(နိုင်ငံသားတိုင်း)ရဲ့လွတ်လပ်ရေးအတွက်
သူ့အသက်ကို စတေးခဲ့
ဒါတွေဟာ ဒီကမ္ဘာမြေရဲ့ တကယ်ဖြစ်ပျက်ခဲ့တဲ့
သမိုင်းမှတ်တမ်းတွေ
ဒါတွေဟာ ဒီကမ္ဘာမြေရဲ့ ငြင်းဆန်မရတော့တဲ့
သမိုင်းအမှန်တရားတွေ။

ကျွန်တော်တို့အားလုံးဟာ ငြိမ်းချမ်းသောဘဝကိုသာ လိုလားခဲ့
ကျွန်တော်တို့အားလုံးဟာ သာယာအေးချမ်းသောဘဝကိုသာ
တောင့်တခဲ့
ကျွန်တော်တို့အားလုံးဟာ လူဖြူ၊ လူဝါ၊ လူမည်း
အသားအရောင်တွေလည်း ခွဲခြားနေဖို့ မလို
အိန္ဒိယ၊ တရုတ်၊ မြန်မာ၊ ထိုင်း၊ ဂျပန်၊ အင်္ဂလိပ်
နိုင်ငံတွေ၊ လူမျိုးတွေ၊ ဒေသတွေ၊ ရိုးရာတွေ၊ ယဉ်ကျေးမှုတွေသာ
ကွဲချင်ကွဲ လွဲချင်လွဲပေလိမ့်မယ်
လူသားချင်းကတော့ဖြင့် မကွဲပြား ခွဲခြားနေစရာလည်း မလိုပေ
ဟိန္ဒူ၊ ဗုဒ္ဓ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ရှင်…
ဘာသာတရားနဲ့ ယုံကြည်ကိုးကွယ်မှုတွေသာ
ကွဲချင်ကွဲ လွဲချင်လွဲပေလိမ့်မယ်
လူသားချင်းကတော့ဖြင့် အတူတူ
ကမ္ဘာ့သူ ကမ္ဘာ့သားတွေသာ ဖြစ်တယ်။

ဘယ်ဘာသာတရားမှာမှ အစွန်းကို မြှကျင့်ပါလို့ မကြားဖူး
ကြီးနိုင်ငယ်ညှဉ်းဝါဒဆိုတာ တိရစ္ဆာန်တွေရဲ့ အမူအကျင့်
အင်အားကြီးသူက အင်အားနည်းသူကို
အဲဒီအကျင့်အကြံတွေ ရှိနေသူဟာ လူ့တိရစ္ဆာန်တွေသာ
ကျွန်တော်တို့အားလုံးဟာ
သာယာအေးချမ်းသော ဘဝကိုသာ မက်မောပါ၏
ကျွန်တော်တို့အားလုံးဟာ
ငြိမ်းချမ်းသာယာသော ကမ္ဘာမြေကိုသာ တောင့်တပါ၏။

ကမ္ဘာမြေ ငြိမ်းချမ်းပါစေလို့ ဆုတောင်းမယ့်အစား
လူသားချင်း စာနာတရားတွေ ထွန်းကားပါစေလို့ပဲ
ကျွန်တော်တို့အားလုံး မျှော်လင့်ကြမယ်။

ကမ္ဘာမြေ သာယာငြိမ်းချမ်းပါစေလို့ ဆုတောင်းမယ့်အစား
လူသားချင်း ခွဲခြားဆက်ဆံမှုတွေ ပျောက်ဆုံးပါစေလို့ပဲ
ကျွန်တော်တို့အားလုံး တောင်းဆုဆန္ဒပြုကြမယ်။

ကျွန်တော်တို့အားလုံးရဲ့ တောင်းဆုဆန္ဒတွေ ပြည့်စေဖို့
ကျွန်တော်တို့အားလုံးရဲ့ စိတ်နှလုံးသားတွေဟာ
အတွေ့ကင်းစွာ နူးညံ့နေဖို့ပဲ လိုပါတယ်…
အတွေ့ကင်းစွာ နူးညံ့နေဖို့ပဲ လိုပါတယ်…
အတွေ့ကင်းစွာ နူးညံ့နေဖို့ပဲ လိုပါတယ်…။ ။

■

**Rainbow Rays**

# PEN Myanmar ၏
# ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ
# နောက်ဆုံးအဆင့် တက်ရောက်သည့်အဖွဲ့များစာရင်း


| | | | |
|---|---|---|---|
| ၁။ | ငြိမ်းချမ်းစိမ်းလန်းအဖွဲ့ | - | ၂၅၈ မှတ် |
| ၂။ | မြစိမ်းတောင်မှ သက်တံ့ရောင်အဖွဲ့ | - | ၂၄၁ မှတ် |
| ၃။ | ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့ | - | ၂၃၄ မှတ် |
| ၄။ | မောင်သုည(မန်းတော်သားအဖွဲ့) | - | ၂၂၁ မှတ် |
| ၅။ | Oxygen အဖွဲ့ | - | ၂၁၈ မှတ် |


■

ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲကျင်းပရေးကော်မတီ
ပဲန်မြန်မာစင်တာ

Pen MYANMAR

Protecting Freedom of Expression and Fostering Vital Literary Culture

# ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ

## နောက်ဆုံးအဆင့်ပြိုင်ပွဲဝင်ကဗျာများ

မြစိမ်းတောင်မှ သက်တံရောင်အဖွဲ့

# ယမ်းနံ့တွေ ကင်းဝေးပါစေ

ရင်ကွဲမိုး ၊ နမ့်ဆန် ၊

အမှားနဲ့အမှန်
မကွဲပြားတဲ့ အတ္တတွေကြားမှာ
ညှိုးငယ်သွားတဲ့ ပန်းကလေးတွေ
တောင်ပေါ်မြေမှာ မဝေတော့ဘူး။

ယမ်းငွေ့တွေ ထောင်းထတဲ့မြေမှာ
သူဟာ ဆောင်းညတွေလို
အေးမြမှုကင်း ဒီစစ်တလင်းအောက်
မြေစာပင်အဖြစ်နဲ့ ရှင်သန်ရင်း
ကျွဲနှစ်ကောင် ခတ်တဲ့ကြား
လွဲမှားစွာနဲ့ သေရပြန်တယ်
ဒါကို စစ်လို့
ဘယ်သူ ခေါင်းစဉ်တပ်လိုက်တာလဲ။

ရင့်ရော်သွားတဲ့ လက်ဖက်ရွက်လေးနဲ့အတူ
စီးပွားတွေ ပျက်စီး
ကျောင်းနဲ့ မနီးတော့တဲ့ ရင်သွေး
ရတက်ရယ် မအေး
သောကတွေ မှုမှုန်နွေးနွေးနဲ့
ဆောင်းညရဲ့ လေအေးအေးအောက်မှာ
အမိမဲ့ အဖမဲ့သွားရတာ
ဘယ်သူသိမှာလဲ။

ဒါ…သန်ါရမဟုတ်ဘူး
အစွာတွေနဲ့ ပစ်ခတ်
မိုင်းသေနတ်တွေက ရက်စက်
တဆတ်ဆတ်နဲ့ တဖုတ်ဖုတ်ကြွေ
ချယ်ရီတောင် မဝေနိုင်တဲ့အဖြစ်
လူမသိ သူမသိပါပဲ
မိသားစုအသိုက် ပျက်ခဲ့ရတယ်။

အပစ်အခတ်ရပ်စဲရေးဆိုပြီး
ပြောင်းဝမှာ ပန်းမပွင့်တဲ့ ကျည်ဆံတွေက
အသက်စွန့်ကို နုတ်ယူလို့
ဒီခရီးအဆုံးက ဘဝ
အိုးအိမ်မဲ့သွားခဲ့ရတယ်။

အစ္စတို့ ပြိုင်ဆိုင်နေကြရင်း
သူတစ်လှ ငါတစ်မင်းအောက်မှာ
အသိုက်ပျောက်ငှက်တွေ
ဝေဟင်ထက်က ယမ်းအငွေ့အသက်နဲ့
မွန်းကျပ်စွာ
အတောင်မစုံဘဲ နိုကိုးရာ မဲ့ခဲ့ရ။

ပျောက်ဆုံးနေတဲ့အနာဂတ်နေ့သစ်နဲ့
တန်းတူအခွင့်အရေးဆိုတာ
သွေးနဲ့ရေးမှ အရောင်ထင်မတဲ့လား
မိတက္ကဲ့ ဖတက္ကဲ့ ဘဝတွေ ဆင်းရဲမှ
အလင်းရောင်တွေ သမ်းလာမတဲ့လား
သေချာတာကတော့
မနက်အလင်းကို စစ်တလင်းနဲ့
သောကတွေခင်းပြီး ကြိုနေကြမှာ အမှန်ပဲ။

ဘယ်အထိလဲ
ဘယ်အရွေ့လဲ
အဆုံးမသတ်သေးတဲ့ သေနတ်သံကြားက
လူဖြစ်ရတဲ့သူတွေ
သူတို့တွေလေ
စာသင်ကျောင်းနဲ့ တဖြည်းဖြည်း ဝေးသွားခဲ့ရတယ်။

ဆန္ဒလေးသာ ပြုခွင့်ရှိရင်
ပန်းကလေးများ လွတ်လပ်စွာ ပွင့်ပါစေ
ရှုံ့တွေ သင်းလို့ ယမ်းနံ့တွေ ကင်းပါစေ
စီးနေတဲ့ စမ်းကလေးများ
သွေးညှီနံ့ကင်းလို့ အေးမြပါစေ
စာသင်ကျောင်းတံခါးတွေ ဖွင့်လို့
အဓွန့်ပတ်ခတ်သော စစ်ဆိုတဲ့ စာတန်းလေးကို
အမှောင်တွေအောက်မှာ
ထပ်ပြီး မရှုတ်ဖတ်ပါရစေနဲ့တော့လားလို့။ ။

■

ရင်ကွဲမိုး ၊ နမ့်ဆန် ၊

# ခြောက်ဆယ်ကျော်အလွန်

ခြာဂျား

မုံးနိုကျင်းမှာ သနွေတာညတဲ့…ငါ
ပစ်စေတ်ခြင်းနဲ့ မွေးဖွားလာတဲ့…ငါ
ငြင်းခုံခြင်းကို သောက်စို့ခဲ့တဲ့…ငါ
နိုင်းခင်းကွင်းမှာ လမ်းလျှောက်သင်တဲ့…ငါ
စစ်တလင်းကြားမှာ ရှင်သန်လာတဲ့…ငါ
ကြောက်ရွံ့…ထိတ်လန့်…အားငယ်…ညှိုးနွမ်း…
အရိုးပေါ် အရေခန်းလို့
ငြိမ်းချမ်းရေးဆိုတဲ့ ပန်း
မမြင်ဖူးတဲ့ မျက်ကန်းအိုကြီး…ငါ

ဪ…
အနှဆို အရွယ်ယောက်
ရောဒို အသက်ခြောက်ဆယ်ရောက်ပေါ့
အသက် တစ်ရာနှစ်ဆယ်တိုင်တိုင် ရှည်စေသော်လို့
ဓာတာတော်းအဖွဲ့ မှားခဲ့လေသလား

ဒီစစ်မီး
နောက်ထပ် အနှစ်ခြောက်ဆယ် ကြာရှည်ဦးမှာလား

တော်ကြပါတော့…တော်ပါတော့
ရပ်ကြပါတော့…ရပ်ပါတော့

ပန်းငယ်တွေလည်း နွမ်းနယ်ကြကုန်ပြီ
စမ်းငယ်တွေလည်း ခန်းလွယ်ကြကုန်ပြီ
ပန်းဖူးတွေရဲ့အရေး အလေးပေးသင့်ပြီ
စမ်းဦးရေလေး စီးခွင့်ပေးသင့်ပြီ

ဆုတောင်းတိုင်းသာ ပြည့်မယ်ဆိုရင်
ဒီဇရာအိုတစ်သိုက် ဒူးနိုက်လို့ဖြင့်
အို…သုံးလောကထွတ်ထား ဗုဒ္ဓမြတ်စွာဘုရားရှင်
အို…ကောင်းကင်ဘုံက ဖန်ဆင်းရှင်များသခင်
အို…လောကကို စောင့်ရှောက်နေတဲ့ နတ်များအရှင်
အို…ပြည်သူတွေကို ရင်ဝယ်သားလို ချစ်တဲ့
သက်ရှိထင်ရှားလက်နက်ကိုင်ထားသော အရှင်
အို…ထိုထို…ထိုသို့သော…အရှင်…အရှင်များ
အကျွန်ုပ်ကို သင် မသနားခဲ့လည်း
အနာဂတ်အတွက် စဉ်းစားပေးပါတော့လား
ဖူးစပန်းငုံသေား ယမ်းနံ့တွေ ရှင်းပေးပါတော့လား
လေပြည်ရနံ့တွေ သင်းပျံ့ခွင့် ရပါစေတော့လား။ ။
■
မြဲကျား

# ငြိမ်းချမ်းရေးကို ပေးသနားလှည့်ပါ

နိုင်းလျှန်း

ဒုက္ခတွေ ဗရမ္မနဲ့
မျှော်လင့်ချက်တွေလည်း ရှာမရ
သွေးစွန်းတဲ့လက်များက
ငြိမ်းချမ်းနိုင်မလားလို့ပါ။

အပြစ်မဲ့ပြည်သူ
လူမမည် ဒုက္ခိတများ
ယမ်းငွေ့တွေ တဟုန်းဟုန်းထတဲ့ကြား
အသက်ရှူကျပ်လှပါပြီ။

မတွေးဝံ့ဘူး
ဘာသာရေး ပဋိပက္ခနဲ့
လူမျိုးရေး အာဃာတနဲ့
ပြည်တွင်းစစ်ရဲ့ ညဆိုးတွေ။

နာကျင်နေခဲ့ရပြီ
တို့ရင်ဘတ်က နှလုံးသားတွေ နွမ်းလျ
ပုလဲမျက်ရည်တွေ မြေမှာစနဲ့
ပန်းတွေပွင့်လို့ ခူးမယ်ပြုလေတော့
မိုင်းက အရင်ဦး
ကိုယ့်ခြေလက်ပါ သူက ခူးဆွတ်သွားခဲ့။

ကြားကြရဲ့လား
အထိတ်တလန့် အော်သံတွေ
ကြားကြရဲ့လား
စစ်ပွဲတွေကြား အသက်လုကာ ပြေးလွှားသံတွေ
ဖေဖေ ခေါ်နေလို့ မကြား
မေမေက ဘယ်ဆီများ
ကိုကို မမ အသက်ဘေးက မလု
ဘယ်သူ့ဘယ်သူမှ ကူကယ်ရာ မရှိလေတဲ့ဘဝ
ကျွန်တော့်မှာလည်း ဒုက္ခိတာ။

အမိန့်အာဏာတွေက ပြင်းထန်
ပြည်သူ့အသက်နဲ့ဘဝကို ခင်းကာနင်းလို့
စာသင်ခန်းက စစ်တလင်းဖြစ်
မိဘမဲ့တွေသာ များလာရင်း
မငြိမ်းချမ်းခြင်းရဲ့ အကျိုးရလဒ်
ပြည်သူတွေအတွက် အခက်
မျက်ရည်စက်လက် အိုးပျက်အိမ်ပျက်။

ငြိမ်းချမ်းပါစေ ငါတို့မြေ
တို့များ တောင်းဆုခြွေ

တနာကြပါ တို့ဘဝ
နွမ်းလျပါပြီဗျာ

ငြိမ်းချမ်းချင်ပြီ အစစ်မှန်
တို့ရဲ့စိတ်ရင်းခံ
ပေးကမ်းကြပါ လူကြီးမင်းများ
အသနားခံတယ်ဗျား။ ။

■

စိုင်းလျှန်း

# တမ်းတမျှော်မှန်း ငြိမ်းချမ်းရေးဆီ

ဒီဒီရက်ကြိုးမြှုပ်တအောင်း

ဤကမ္ဘာမြေ
လူတွေ လိုချင်တမ်းတကြတယ်
ငြိမ်းချမ်းစွာရယ် နေရဖို့။

မငြိမ်းချမ်းခြင်းကြောင့်
အေးချမ်းစွာ နေခွင့်မရတာ ယနေ့တိုင်ထိပါပဲ။

မနေချင်တော့ဘူး ဒီစစ်ရဟတ်ကြား
မနေချင်တော့ဘူး ဒီယမ်းနံ့ကြား
မနေချင်တော့ဘူး ဒီဒုက္ခကြား။

ဒီစစ်ရိပ်တွေ ငြီးငွေ့လှပြီ
သက်အိုတွေလည်း ရင်ဖိုလှပြီ
သက်ပျိုတွေလည်း ငိုယိုဝပြီ။

ဒီစစ်ကြောင့် ပြေးလွှားရ
သက်အိုတွေ များဒုက္ခ
သက်ပျိုတွေ ဘဝမလှ။

စဉ်းစားကြပါ လူကြီးမင်းတို့
တကယ်ပဲ တို့မြန်ပြည် ငြိမ်းချမ်းစေချင်
တကယ်ပဲ တို့မြန်ပြည် သာယာစေချင်
အမှန်ပင် လူကြီးမင်းတို့လက်ထဲ
ကျေးဇူးတင် အားကိုးပါတယ်လို့။ ။

■

ဒီဒီရက်ခြိုပ်တာအောင်း

# သုံးသပ်စို့လား

ပန်းအိဖြူ

ပြည်တွင်းစစ် အဖြစ်သနစ်ရယ်ကြောင့်
ဆို့နင့်ဖွယ် အနိဋ္ဌာတွေက
တို့ဒေသ ပြီးမဆုံးနိုင်ကွဲ့
ရင်ခွင်မှဲ့ များလာ။

သူမလျှော့ ငါမခံ ပြန်လှန်ရယ်တိုက်ကြလို့
ကြားနေရ ပြည်သူတွေမယ်
ဥတွေကွဲ သိုက်ရယ်ပျက်
စစ်ရဟာတ်လယ်မှာ။

မချိစရာ အဖြစ်ဆိုးနဲ့မို့
ပြည်သူတို့ ဘဝတွေမှာ
မဖြေသာ ကိုယ်စိတ်နွမ်း
မောပန်း ပြေးလွှား။

လက်နက်သခင် ကျေးဇူးရှင်တို့
တကယ်ပင် ပြည်သူများအတွက်
သွေးချွေးသက် အမှန်ပေးဆပ်လျှင်
သုံးသပ်စို့လား။ ။

■

ယန်းအိဖြူ

## ဝေဟင်ပေါ်က မြပဝါ

မာကျူရီ၊ လက်ဖက်မြေ၊

အလင်းပိုင်ရှင် နေသခင်နှင့်
ဆန့်ကျင်ရာမှ သူမတူအောင်
ဖြန့်ယှပေါင်းစု ထပ်တူမြှုပ်
သုခုမလျှင် ရောင်စုနစ်စဉ်ဖြင့်
အသွင်ကွဲပြား မခွဲခြားဘဲ
တစ်သားတည်းလေ ကြည်လင်နေခဲ့
ဝေဟင်ပေါ်က မြပဝါ။

ကန့်လန့်ကာဖွင့် လေအလွင့်မှာ
ကြိုဆွင့်ဆုံရ အာယာတနှင့်
အတ္တမာနနှင့် လောဘရှေ့ဆောင်
အမှောင်လမ်းတွင်း မျက်ကန်းနှင်းသို့
အလင်းမဲ့ကာ ယိုင်နဲ့ပြည်သူ
မြေစုနလုံး ကြိမ်မီးဆုံးသို့
ဂုန်းဒိုင်းသံဟစ် ပြည်တွင်းစစ်မှာ

အနှစ်မဲ့ခန်း ချမ်းသာမရှိ
အတိမှန်တိုင်း နိုင်းခင်းသောလမ်း
ကြောက်ခမန်းလိ ပြစ်မရှိလည်း
ပေးဆပ်ဆဲလေ ပြည်သူတွေ။

ပညာမဲ့မှု မောဟထုကြောင့်
လူ့ဘောင်ကျင့်ဝတ် ဖွတ်ဖွတ်မှုကြေ
တူနေမဖြစ် အပြစ်သာတင်
အမြင်ကွဲပြား ခွဲခြားစနစ်
ထားခဲ့ရစ်က မျိုးသစ်လေးများ
ရိုးသားမှုကင်း ရန်လိုရင်းပင်
ချစ်ခြင်းဘယ်မှာ တည်ပါ့မည်။

မေတ္တာကရုဏာ မုဒိတာနှင့်
ဥပေက္ခာချည်း ခွင့်လွှတ်ခြင်းသာ
အလွှာမခြား မှန်းအားမပို
ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်လျှောက်
ကိုယ်ရောက်လိုရာ စခန်းသာကို
မာယာမသုံး အပြုံးမပျက်
လက်နက်မလို ဝန့်တိုမဖက်
ရက်စက်မပါ ကိုယ်ချင်းစာ၍
မေတ္တာပေးကမ်း ငြိမ်းချမ်းခြင်းသာ
မြတ်နိုးရာနို့ သူငါပေါင်းစည်း
ရှေ့ခရီးသို့ ချီနို့လေ။

မြူကောင်းတိမ်စင် လသာခင်ရဲ့
ဝေဟင်ပေါ်က မြပဝါအခင်းမှာ
ယာမ်းနံ့တွေ ကင်းပြီး
ပန်းရနံ့တွေ သင်းပါစေ။
မြေပြန့်မှာ ချယ်ရီဝေလို့
တောင်ပေါ်မြေ ဝိတောက်နဲ့ ပွဲ့ပါစေ။
ချစ်သောမြန်မာပြည်ကြီး
ငြိမ်းချမ်းပါစေ ။

■

မာကျူရီ ၊ လက်ဖက်မြေ ၊

မောင်သုည(မန်းတော်သား)အဖွဲ့

# ချစ်မေတ္တာရေစင် ဖျန်းပက်ကြပါစို့

မောင်သုည ၊ မန္တလေး ၊

ဟေး...
"မောင်မယ်တွေ"
လားရာကို ကြည့်လိုက်
တို့ခရီးက ကြမ်းချင်ကြမ်းမယ်
တို့ဟာ အသိရှိတဲ့ လူသတ္တဝါ
မသမာမြူဆွယ်ခြင်းတွေကို
"သတိနဲ့ ဖြိုခွင်းမယ်ဟေ့..."

ရိုးသားနိုးကြားကာပါသလောက် ကြိုးစားထား
နှလုံးသားမှ မေတ္တာစစ်နဲ့ တရားမြဲ
ဒါဟာ "လောကစံရဲ့စိန်ခေါ်ပွဲ"

ဝိညာဉ်ခေါင်ဆောင်မယ့် မရဏမင်းဟာ
ငါ့ဘေးမှာ ရှိနေတယ်ဆိုတာ ငါမသိ
ခရီးဝေးက လာသည်အမှတ်နဲ့

ငါ့ရဲ့ဝိညာဉ် ခေါ်ဆောင်မယ့်အချိန်
ဝိညာဉ်နှုတ်ယူမယ့် မရဏမင်းလာမယ့်နေ့
ထမင်းစားပြီး စောင့်နေရတယ်
အိပ်ပြီး စောင့်နေရတယ်
မရဏမင်း အခေါ်မမျှော်တဲ့သူတွေ
တာဒင်္ဂအတွင်းမှာပဲ မရဏမင်းက
သေတွင်းဆီကို ခေါ်သွားကြပြီ
ငါ့အလှည့်က ခေါ်မယ့်နေ့ မသေချာ
ငါ သေရှာသွားရင် ဘာတွေပါသွားမလဲ

ငါ့လက်မောင်းသွေး ငါကိုယ်တိုင်ဖောက်
သွေးရင်းနဲ့ တောက်တစ်ခေါက်ခေါက်
မျက်ရည်ပေါက် ကျမိတယ်
ငါနဲ့တခြားလူ ကိုးကွယ်ရာမတူ
သွေးအရောင်တူ ငါ့စိတ်က တမူထူးခြား
လူ လူချင်း ခွဲခြားခဲ့မိတယ်
အလေးအနက်တွေး တရေးရေးပေါ်လာ
ရယ်မောခြင်းဟာ ဘာသာစကားတူတယ်
ပူဆွေးသောက ငိုကြွေးခြင်းဟာ ဘာသာစကားတူတယ်
နိုင်ငံတွေကွဲပြား လူမျိုးချင်းခြား
ချစ်ခြင်းမုန်းခြင်း စကားလုံးကွဲပြား အဓိပ္ပာယ်မခြား
ငါ့အတွင်း အစွဲတွေ ခွဲခြားခြင်း ပြင်းပြနေတယ်
မာရ်နတ် မှိုင်တွာန် ဆာတာန်

ငါလက်မခံဘဲ ငါနဲ့မိတ်ဆွေရင်း
ဒီနတ်မိစ္ဆာတွေနဲ့ ဝေးလိုစိတ်ပြင်း
ငါ လူသားဆန်တဲ့ လူ့အတွေး တွေး
လူ့စိတ်မွေးရာဌာနေဆီ
ငါ့ကို တွဲခေါ်ပေးနိုင်ကြပါစေ။

ကြောင်အိုတော့ ကြွက်မလေး
အမေအိုတော့ သားသမီး အရေးမပေး
အော်မကြား ခေါ်မကြား
နားထိုင်းလို့ ခါးကိုင်းရှာ
ဝါးစရာ သွားမပါ
စကျွန့်နှစ်ကွင်း အလင်းဝေးလို့
ဆွံ့အ နားမကြားမို့ လက်ဟန်ခြေဟန်
သင်္ကေတလေးတောင် ပြလို့မရ
ဒါ…သစ်္စါရတဲ့လား။

နှစ်တွေကြာလာတဲ့ ငြိမ်းချမ်းရေး
အိုမင်းရင့်ရော် ခါးကိုင်းလို့ နားထိုင်းရှာ
ဝါးစရာ သွားမပါ
စကျွန့်နှစ်ကွင်း အလင်းများ ကွယ်နေလား မသိ
ဆွံ့အနားမကြား ဖြစ်သွားပြီလား မသိ
အော်လို့မကြား ခေါ်လို့မကြား
လက်ဟန်ခြေဟန်လေးတောင်
ပြလို့မရတော့ဘူးလား
ငြိမ်းချမ်းရေးဆိုတဲ့ မိခင်ကြီးရေ…။

ဆံမြှုပါစေ သွားကျိုးပါစေ
အမေ့ရုပ်ရည် အမြဲလှနေသလို
ငြိမ်းချမ်းရေးမိခင် နှမျိုးဆဲမို့
နားလည်း မထိုင်းပါနဲ့
ခါးလည်း မကိုင်းပါနဲ့
ရွှေမျက်နှာတော်ရွှင်ပြ
စက္ကူနှစ်ကွင်း အလင်းရလျက်
မမြင်ယောင်ရှောင်ပြေး
သွေဖယ်ယိမ်း မသွားလိုက်ပါနဲ့လေ
အို…ငြိမ်းချမ်းရေး မေမေ။

အာဃာတတထား အမုန်းပွား
အနိုင်လို အရှုံးမပေး
ကမ္ဘာမကြေတဲ့ နှစ်ဖက်ရန်ကြွေး
အမုန်းရဲ့တန်ကြေး
ပင်အိုပင်ပျို အညွန့်အဖူးအသစ်ကလေးတွေ
ကြွေခဲ့ကြပြီးပြီ။

မြေစာပင်ပြည်သူ အလိုမတူတဲ့
အသက်ပေးလှူခြင်း ရပ်တန့်ပါစေ
ဤကမ္ဘာမြေ မြန်မာပြည်။

ရှေးလူကြီးသူမတွေ ပြောခဲ့ကြ
မြန်မာသတ္တ မှန်လေး၀
ရှမ်းမျိုး သုံးဆယ် ကုလားမျိုး ခြောက်ဆယ်
တို့မြန်ပြည်ဝယ် အတူတကွ နေထိုင်ခဲ့ကြ ထာဝရ။

လူမျိုးရယ် ဘာသာရယ် သာသနာရယ်
မတူကွဲပြား ရှိခဲ့ပြားလည်း
ဘာဝနာပွားပြီး နေခဲ့ကြတယ်…။

ခုတော့ အဘယ့်ပယောဂကြောင့်
အစစ်အမှန်တွေရဲ့ နောက်ကွယ်မှာ
အာဃာတတွေ မာန်မာနတွေနဲ့
နှလုံးသားမှာ အမုန်းပွားကာ
တို့တစ်တွေ အရှုံးသမားတွေ ဖြစ်ခဲ့ကြရပြီ။

အရှုံးသမားဘဝကို အဆုံးမထားဘဲ
အတ္တကို ကိုယ်တိုင်ဆုံးမလို့
ပန်းရောင်စုံဖူးပွင့်ဖို့
"ချစ်မေတ္တာရေစင် ဖျန်းပက်ကြပါစို့…"။ ။
■
မောင်သုည၊ မန္တလေး၊

ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့

# စည်းလုံးညီညွတ်ခြင်းရနံ့များဖြင့် ခွဲခြားခြင်းမဲ့ ညီမျှသောလွင်ပြင်ပေါ် လှလှပပပွင့်လာမယ့် ငြိမ်းချမ်းရေးအိပ်မက်များ

ဂိုးဂိုး ၊ မောရမြိုင် ၊

ဘယ်လိုပုံစံမျိုးနဲ့ ထပ်ပြီးတော်မှတ်ပြရဦးမလဲ
လည်မျိုထဲ ဒီလိုအပ်မှုတစ်ခုတည်း နစ်ဝင်နေခဲ့တော့
ရင်ကွဲအောင် အော်ခဲ့လည်း
စိတ်ကူးအပုံတွေသာ ထွက်ထွက်ကျလာ
အနာဂတ်အကျိုးအကြေတွေနဲ့
(မျက်လုံးထဲ ချိုးငှက်အသေတွေ ပိုပြီးတော့ များလာ)
ကမ္ဘာကြီးဟာ
အဲဒီစကားလုံး သုံးလုံးအတွက်
ကဗျာမဆန်နိုင်တော့တာ ကြာပြီ။

ကိုးကွယ်ယုံကြည်ရာတွေက အသားမာတွေတက်လို့
ကိုယ်အမုန်တရားနဲ့ကိုယ် ဓားတွေထက်နေ
အရေပြားပေါ်က အရောင်ကွဲတွေကြောင့်
စိတ်းအရောင်တွေပါ လွဲ လွဲနေ
ယောကျ်ားဆန်မှု မိန်းမဆန်မှုတွေကြား

သဘာဝမဆန်မှု ဘဝများဟာ ခါးခါးနေ
အဲဒီကိစ္စတွေကစပြီး
လူမဆန်တဲ့ဆက်ဆံရေးဟာ အရွယ်ရောက်လာတယ်
လူသားချင်းမစာနာမှုဟာ ကြီးကောင်ဝင်ခဲ့တော့တယ်
စည်းလုံးညီညွတ်မှုမဲ့လောကကြီးမှာ
ယဉ်ကျေးမှုကင်းစွာ လူမှုရေးပဋိပက္ခတွေဖြစ်နေရင်း
ကိုယ့်အစွယ်နဲ့ကိုယ် အဆိပ်သင့်ကြဆဲ

သမိုင်းထဲခုန်ဝင်ပြီး ကမ္ဘာဦးအစကို
သွားကြည့် ကြည့်
သွေးဆိုးတွေ စွန်းပေရင်း အသက်ရှုကျပ်ခဲ့ရတဲ့ ကမ္ဘာ
ကျောက်ထွင်းလက်နက်များရဲ့
အတွေးအခေါ်နည်းပါးခဲ့မှုတွေ
မားသွားတွေထက်က တိုးတက်လာတဲ့ သွေးဆာလောင်မှုတွေ
ဒိုင်းနမိုက်နဲ့ တီထွင်ခြင်းဆန်းသစ်မှုတွေကြောင့်
အရေခွံလဲသွားတဲ့ သတ္တုရာစုများမှာ
ကမ္ဘာရဲ့ရင်ဘတ်တစ်ခုလုံး
စစ်တလင်းလုံးလုံးဖြစ်ခဲ့ရ။

အဲဒီစစ်ပွဲကြီးတွေမှာ
အမုန်းတရားတွေထည့်ပြီး ပစ်တယ်
နယ်မြေပိုင်ဆိုင်လိုမှုတွေကို ထည့်ပြီး ပစ်တယ်
အသားအရောင်ခွဲခြားမှုတွေကို ထည့်ပြီး ပစ်တယ်

သူတို့ရဲ့သေတတ်တဲ့ ပြောင်းဝထဲကို
စည်းလုံးညီညွတ်မှုမဲ့ခြင်းတွေ ထည့်ပြီး ပစ်တယ်
ပစ်လိုက်တာလည်း ကိုယ်တိုင်
ထိမှန်သွားတာလည်း ကိုယ်တိုင်ဖြစ်နေမှန်း
စစ်ကို ပြုလုပ်သွားတဲ့သူတွေ
နားလည်ခဲ့ဖို့ ကောင်းတယ်

စစ်ကြောင့်
သေပန်းတွေက
သက်သက်မဲ့ ထပွင့်ပေးလိုက်ရတဲ့ကိစ္စ
တိတ်ဆိတ်သွားတဲ့ ခေါင်းလောင်းသံတချို့နဲ့
ကြေကွဲနေတဲ့ စာသင်ကျောင်းကြီး သိတယ်
ဆို့နင့်စွာငိုကြွေးရင်း အစာငတ်နေတဲ့
မိခင်ပျောက်ကလေးငယ်တွေ သိတယ်
ရှုခင်းအသေများနဲ့ ချောက်ချားနေသော
တောင်ပြာတန်းတွေ သိတယ်
အကျည်းတန်သွားတဲ့ မြို့ပြတွေ သိတယ်
စုတ်ပြတ်သွားတဲ့ ကျေးလက်တွေ သိတယ်
ဒုက္ခိတနဲ့ သူတောင်းစား အိမ်ယာမဲ့တွေ သိတယ်
သွေးဆာတ်ခဲ့ရတဲ့ ကျုပ်တို့နိုင်ငံတော်ကြီး သိတယ်
ကျေးဇူးပြုပြီး ဖြေပေးကြပါလားဗျာ
ကျေးဇူးပြုပြီးတော့ ဖြေပေးကြပါ
ကျွန်တော်တို့အားလုံး ရင်ဘတ်ကြီးနဲ့ ထပ်တူပြုပါရစေခင်ဗျ

(စစ် စစ် စစ်)
အဲဒီစစ်ကို ချစ်တဲ့သူ ရှိပါသလား။

အသက်နဲ့ဘဝတွေ သေသွားခဲ့ရတာလည်း
ဒီစစ်ကြောင့်
ကောင်းတာတစ်ခုမှမရှိ ဆိုးရွားမှုန်း သိကြလည်း
ဆက်ဖြစ်နေကြတုန်းပဲ
အနာဂတ်အတွက် ရှင်သန်နေထိုင်ရမှုဟာ
အထိတ်တလန့်
ငြိမ်းချမ်းရေးမဲ့အောက်ဆီဂျင်ကို ရှူရှိုက်နေရတာဟာ
အထိတ်တလန့်။

(ရခိုင်ပြည်ကြီး ငြိမ်းချမ်းပါစေ
နိုင်ငံသူနိုင်ငံသားများ အေးချမ်းကြပါစေ)

အသက်ဆက်ရှင်ဖို့
မိုးတစ်ခုလုံးစာ ဆာလောင်ခဲ့ရလည်း
ရေမှုန်အစလေးတွေနဲ့ နေတတ်ခဲ့ပြီးပြီ
အသက်ဆက်ရှင်ဖို့
မြေတစ်ခင်းလုံးစာအိပ်မက်နေခဲ့လည်းပဲ
လက်တစ်ဆုပ်စာ ခဲကြမ်းတွေနဲ့
နေတတ်ခဲ့ပြီးပြီ
အသက်ရှင်နိုင်ဖို့

အသက်ဆက်ရှင်နိုင်ဖို့
ဒုက္ခတွေ အထပ်လိုက် ထမ်းထားရပါစေ
ငြိမ်းချမ်းရေးကို သေမလောက် ဝေ်တယ်
ကျွန်တော်တို့အားလုံးဟာ ရေဆာနေတဲ့ မြစ်တွေ။

(ကချင်ပြည်ကြီး ငြိမ်းချမ်းပါစေ
နိုင်ငံသူနိုင်ငံသားများ အေးချမ်းပါစေ)

ဒီစကားတွေပဲ ပြောနေရတာများလာတော့
လျှာတွေဟာ ပါးလာ
တခုန်းခုန်း တဒိုင်းဒိုင်း တဒက်ဒက်
မိုးသံ သေနတ်သံတွေနဲ့
အမြင်အကြား မချမ်းသာ
ကျည်ဆန်တွေနဲ့ တိုင်းပြည်အသစ်ကို တည်ဆောက်လို့မရ
အိပ်မက်အသစ်ကို မက်နေလို့မရဘူး
စိတ်ကူးနဲ့သာ ရှုးနေခဲ့ရတဲ့ ဘဝများအတွက်
အပ်ကြောင်းထပ်ဆုနွတွေနဲ့
ဒီငြိမ်းချမ်းရေးအကြောင်းကိုပဲ
အခု ထပ်ပြောမယ်။

(ပြည်တွင်းစစ်တွေ ရပ်)

ဆရာ မသေခင် တိုင်းပြည်မှာ ငြိမ်းချမ်းရေးအစစ်ကို

တွေ့သွားချင်တယ်လို့ ပြောခဲ့တဲ့
အဘိုးသခင်ကိုယ်တော်မှိုင်းကို အားနာတယ်
စာရွက်တွေပေါ်မှာသာ အသက်ဝင်ခဲ့ရတဲ့
အဲဒီစာချုပ်တွေကို အားနာတယ်
ငြိမ်းချမ်းရေးလို့ အော်ဟစ်တောင့်တရင်း
သေသွားခဲ့ရတဲ့ အသက်တွေကို အားနာတယ်
ငြိမ်းချမ်းရေးကိစ္စတွေ ဖော်ဆောင်ရင်း
အကျဉ်းကျသွားခဲ့ရတဲ့ ကြယ်တွေကို အားနာတယ်
စစ်ဘေးရှောင်စခန်းက သနားစရာဘဝတွေကို အားနာတယ်
၂၁ ရာစု ပင်လုံပွဲကြီးကို အားနာတယ်

အမုန်းတရားနဲ့ အာဃာတတွေအတွက်
ညီအစ်ကိုအချင်းချင်း
သတ်နေကြတာ မြင်မကောင်းဘူး
ဒီသွေးတွေ
ချင်းတွင်း ဧရာဝတီထဲ စီးဝင်သွားမှာ
မြင်မကောင်းဘူး
ဒီသွေးတွေ သံလွင် စစ်တောင်းထဲ စီးဝင်သွားမှာ
မြင်လို့မကောင်းဘူး

ဟိုမှာ အော်နေကြတာလည်း(ငြိမ်းချမ်းရေး)
ဒီမှာ အော်နေရတာလည်း(ငြိမ်းချမ်းရေး)
ငြိမ်းချမ်းဖို့အရေး လက်မှတ်တွေ ထိုးကြတယ်

ငြိမ်းချမ်းဖို့အရေး ဆုတောင်းပွဲတွေ လုပ်ကြတယ်
ငြိမ်းချမ်းဖို့အရေး ငြိမ်းချမ်းရေးအကြောင်းတွေ ပြောကြတယ်
ငြိမ်းချမ်းဖို့အရေးအတွက် အခုထိ မငြိမ်းချမ်းနိုင်သေးလို့
ငြိမ်းချမ်းရေးရဖို့ အော်သံတွေက
ဘယ်တော့မှ ရပ်မသွားဘူး။

(ငြိမ်းချမ်းပါရစေ ငြိမ်းချမ်းပါစေ)

ငြိမ်းချမ်းရေးဟာ
ခေါက်ခဲထည့်ထားတဲ့ အရုပ်မဟုတ်ဘူး
ငြိမ်းချမ်းရေးဟာ ပိုစတာထဲက သင်္ကေတမဟုတ်ဘူး
ငြိမ်းချမ်းရေးဟာ ဖွင့်ပိတ်လို့မရတဲ့ မီးခလုတ်တစ်ခု မဟုတ်ဘူး
ငြိမ်းချမ်းရေးဟာ ရောင်ပြန်စတစ်ကာလို မဟုတ်ဘူး
ငြိမ်းချမ်းရေးဟာ ဖရီဇာတံခါးလို မဟုတ်ဘူး
ငြိမ်းချမ်းရေးဟာ လိင်ကိစ္စ မဟုတ်ဘူး
ဟှ်(ဒေါ)
စစ်(ရပ်)
ပေါ်ဟှ်(ဒေါ)
စစ်ပွဲတွေ(ရပ်)
လွှဲဟှန်ရှ(ဒေါ)
စစ်မဖြစ်ကြနဲ့တော့(ရပ်)
ကၠာကာ်ဓွံသွက်ဓွံဝိုဟ်လလဲမ်ဂှ်
ဒါဟာ ငြိမ်းချမ်းရေးရဖို့အတွက်တော့

နိုဂါထာနိုက်အိုတ် မွဲပိုဒ်ရအဲ
ဖတ်ရွတ်ဖို့ကောင်းတဲ့
ဂါထာတစ်ပုဒ်တော့ ဖြစ်ကောင်းဖြစ်ရဲ့
တကယ့်အစစ်မှန်ကို လိုချင်ရင်တော့
သွေးထဲက အညစ်တွေကို ဖောက်ထုတ်ပစ်ရမယ်
တစ်ဦးတစ်ယောက်တည်း တောင်းနေလို့မရ
အစုတစ်စုတည်းလည်း ကောင်းနေလို့မရ
အားလုံးကောင်းနေမှ ရနိုင်မယ့်အရေး
စည်းလုံးညီညွတ်ရေးဟာ ငြိမ်းချမ်းရေးရဲ့ ပြယုဂ်
ငြိမ်းချမ်းရေးရလာဖို့ စည်းလုံးညီညွတ်ဖို့အရေးဟာ
တကယ့်လုပ်ရမယ့် အလုပ်ပဲ။

အမေ
အမွှင့်က ဥာဏ်ပညာ
ရိုးတံက မကြောက်တရားနဲ့
မှောက်မှားနေတဲ့ကာလမှာ
ထင်းခနဲ ရဲနေအောင် ပွင့်ခဲ့တဲ့ ပန်း
ခံယူချက်စစ်စစ်နဲ့ လျှောက်ခဲ့တဲ့ ကန္တရလမ်းမတွေဟာ
ကြမ်းချင်တိုင်း ကြမ်းခဲ့ပေမဲ့
ဒါဟာ တိုင်းပြည်နဲ့ပြည်သူ့အတွက်
အမှန်တရားကို ရင်မှာစေတ်နှိပ်ပြီး
ခေါင်းမရှောင်ဘဲ ခေါင်းဆောင်ပြီးသွားတာထက်ကို
တာဝန်သိစိတ်က တစ်ကိုယ်လုံး လှည့်ပတ်စီးဆင်းနေ။

အမေ

စွတ်နိုခဲ့ရတဲ့ အမှောင်တွေ
ဝေးနေတဲ့မျှော်လင့်ချက်နဲ့
ညီအစ်ကိုမောင်နှမတွေ စည်းလုံးဖို့အတွက်
နည်းပေးလမ်းပြ အလင်းရောင်ပေးဖို့ ရှင်သန်ခဲ့သူ
တရားမျှတမှုနဲ့ ဥပဒေစိုးမိုးမှုအောက်
လုံခြုံစွာ အသက်ရှင်ခွင့်ပေးသူ
နှိုင်းယှဉ်စရာ အကြောင်းအရာတွေ မရှိ
ကမ္ဘာဟာ သူ့ရဲ့မေတ္တာတရားနဲ့ တိုင်းတာရင်
အမှုန်အစလေးသာ ဖြစ်တော့တယ်။

ဒီပြည်ဟာ ငါတို့ရဲ့ပြည် ဒီမြေဟာ ငါတို့ရဲ့မြေ
ဒီပြည်ဒီမြေဟာ ငါတို့ရဲ့ဘိုးဘွားပိုင်အမွေတွေ
ငါတို့မိသားစုတွေအားလုံးဟာ
အမိမြန်မာပြည်ကြီးရဲ့ ရတနာမြန်မာနိုင်ငံသားတွေပါ
တစ်မိုးအောက်တည်းက
တစ်မြေတည်းပေါ်မှာ ရပ်နေကြတာ
ဒါ အားလုံးနဲ့ဆိုင်တဲ့ မြေ ဒါ အားလုံးနဲ့ဆိုင်တဲ့ ရေ
အမြင်တွေ မတူညီဘူးလား အတူတူမြင်အောင်ကြည့်
အသားအရောင်မတူ လိင်မတူဘူးလား
အားလုံးဟာ လူဆိုတဲ့စိတ်နဲ့ ကြည့်
ကိုးကွယ်ရာ မတူဘူးလား
လူသားတစ်ယောက်ရဲ့ လွတ်လပ်ခွင့်နဲ့ကြည့်

ကြည့်တတ်ရင် မြင်နိုင်ရမယ်
သွေးကွဲနေတဲ့ ဒုက္ခရာအနာတရစိတ်တွေအတွက်
သက်ဆိုင်ရာ ဘုရားတို့ရဲ့
အဆုံးအမကို နာခံလို့ အာရုံပြု
တွဲလက်တွေ မဖြုတ်စတမ်း ရှေ့ဆက်သွားကြမယ်
နွေးထွေးစွာ ဆက်ဆံရင်း
စည်းလုံးညီညွတ်စွာ နေကြရင်း
ငြိမ်းချမ်းသောဒီမိုခရီးအတွက်
ဒီအိမ်ကြီးနဲ့အတူ ဒီမိသားစုတွေ
ချစ်ချစ်ခင်ခင်နေကြလို့

(ငြိမ်းချမ်းရေးနဲ့ အမိနိုင်ငံတော်ကြီးကို
ထိန်းသိမ်းစောင့်ရှောက်ကြပါနို့။

*(×××နိုင်ငံတော်ကြီး×××ငြိမ်းချမ်းပါစေ×××*
*နိုင်ငံတော်ကြီး×××ကျန်းမာပါစေ×××*
*တိုင်းသူပြည်သားများလည်း×××ငြိမ်းချမ်းပါစေ×××)*

■

**ဝိုးဝိုး ၊ မောရမြိုင် ၊**

ငြိမ်းချမ်းစိမ်းလန်းအဖွဲ့

## နားလည်မှုပန်းတို့ ပွင့်ဝေ
## ငြိမ်းချမ်းစိမ်းလန်းမြေ

ခရမ်းပြာ

ဟူး… ငြိမ်းချမ်းခြင်းပန်းတွေ ပွင့်ဝေ
ဟူး…ငြိမ်းချမ်းခြင်းပန်းတွေ မွှေးစေ

သူတို့ဘက်က ပြောရင် သူတို့ဘက်က မှန်တယ်
ကိုယ့်ဘက်က ပြောရင် ကိုယ့်ဘက်က မှန်တယ်
အမှားမရှိတဲ့တရားကို စီးရီးလိုက်ဖွင့်ဖွင့်ပြရင်း
အားလုံးဟာ အမှန်းတွေ ထိမှန်ကုန်တော့တာပဲ။

အသိုက်မြုံတစ်ခုတည်းမှာ
အားနည်းသူကို ဖိနှိပ်ရင်း
အားကြီးသူက မင်းမူလာတဲ့အခါ
အမုန်ခါးခါးနဲ့ အမှားသကာတွေဟာ
မကြာခဏ တိုက်ပွဲဆင်ကြလေရဲ့။

ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တဲ့သူ အတ္တကို ရှေ့တန်းတင်ထား
လုပ်ရပ်က အဆင့်အတန်းတွေခြား
ဖြစ်ချင်တော့ အမြင့်မှန်းအနေအထား
တစ်ယူသန်ရာ တစ်ဖက်သတ်ပဲပေါ့
ကိုယ့်အတွေးကို ငြိုင်ငြင်းနေကြတော့
တစ်ယောက်နဲ့တစ်ယောက် မခေါ်မပြောနိုင်
အမုန်းတွေနဲ့ပိုင်းရင်း သေမှာ ဘာထူးသွားလဲ အမေးက
အားကြီးသူအောက်မှာပဲ အဆုံးသတ်သွားခဲ့
ကိုယ့်ထက် အားနည်းသူကိုလည်း ထပ်ပြီး ယှက်ညှဲ့ထားခဲ့
အမှုန်တွေပေါ် သုံးသပ်အားနည်းချွဲ့မိ
အဆုံးအဖြတ်အမှားပဲ
တိုက်ပွဲတွေ အထပ်ထပ်နွှဲနေရတာကိုက လုပ်ရပ်အမှားပဲ။

တစ်ဖက်သတ်စကားများများပြောနေခြင်းထက်
စာနာစွာ သေသေချာချာနားထောင်ပေးလိုက်ကြခြင်းမှာ
တို့တစ်တွေ ကိုယ်စီကျင့်သားရဖို့ လိုနေပြီ။

တစ်ယောက်ကြိုက်တာ ကြိုက်ပါစေ
တစ်ယောက်ပျော်တာ ပျော်ရှာပါစေ
တစ်ယောက်ရှင်ထူး မြူးပလေ့စေ

ဒီလိုစေတနာတွေ မထားနိုင်ကြသေးသရွေ့
နေ့သမပြတ် အာဃာတစီးက

ကြီးသထက်ကြီး လောင်သထက်လောင်လာပြီးတဲ့နောက်
မနိုင်မြခဲ့တဲ့ တွဲလက်ယှဲယှဲတွေကို ဖြုတ်ပစ်ကြလိမ့်မယ်။

ရင်ချင်းအပ်လို့တောင် မနီးစပ်ခဲ့မှတော့
ကျောခိုင်းထွက်ရင် ပွဲသိမ်းပြီ အသေအချာ
အဲဒီအခါ ဒီကမ္ဘာဟာ
အာဃာတမီးတွေ ထတောက်ပေလိမ့်
ကဲ လာပါကွာ
တစ်ကိုယ်စာမှာ နည်းနည်းလေးလျှော့
တစ်စုတစ်ဖွဲ့စာမှာလည်း နည်းနည်းစီ လျှော့
အားလုံးဘယ်သူမဆို နည်းနည်းစီ လျှော့
သူ့စနိုး ကိုယ့်စနိုး လုပ်မနေနဲ့
အားလုံးပြိုင်တူ နည်းနည်းစီ လျှော့လိုက်ကြရအောင်

*ငါဆိုတာ သူမဟုတ် သူဆိုတာ ငါ မဟုတ်*
*အသီးသီးပဲ ကွဲပြားနေသော မတူညီတဲ့လူရှုပ်*
*အကြိုက်ချင်း မတူတာ ဘာကြောင့်ဆိုပြီး*
*ခေါင်းညောင်းခံအဖြေမထုတ် ရှုထုတ်*
*နှာခေါင်းထဲကို လေသွင်းပြီးတော့*
*ပြန်ရှုထုတ် အယူအဆလေး မတူတာနဲ့ပဲ*
*လက်တွဲဖြုတ်မှာလား တကယ်တမ်းကျတော့*
*ကြီးကြီးကျယ်ကျယ်အခက်အခဲမှ မဟုတ်တာကွာ*
*ဖြေရှင်းရမှာ ပုစ္ဆာတစ်ခုထဲ အမြစ်ဆွဲဖြုတ်ကျုပ်မာန*

*ရည်မှန်းချက်ကြီး အောင်မြင်ဖို့အတွက်*
*တစ်ဆက်တည်းထပ်လုပ်ပါမှ။*

ဟိုဘက်နည်းနည်းတိုး ဒီဘက်နည်းနည်းကပ်
ဒီမြေမှာ မတ်တတ်ရပ်တဲ့အခါ
လုံခြုံနွေးထွေး အေးချမ်းကြဖို့ရာ

မေတ္တာထားပါ(မေတ္တာပွားကြပါ)
ကရုဏာထားပါ(ကရုဏာပွားကြပါ)
မုဒိတာထားပါ(မုဒိတာပွားကြပါ)
ကိုယ်စီရဲ့ ဘုရားဟောအတိုင်းသာ ပြုကျင့်စေချင်တာ။

*နွေးထွေးမှုနဲ့ပဲ ငါတို့လက်တွဲထားလို့ မေတ္တာတရားနဲ့ပဲ*
*ငါတို့ အေးချမ်းကြစို့ မေတ္တာတရားနဲ့ပဲ ငါတို့လက်တွဲထားလို့*
*နွေးထွေးမှုနဲ့ပဲ ငါတို့အေးချမ်းကြစို့*
*ဘုရားရှင်တွေဆီက ငြိမ်းချမ်းခြင်းများ ခံယူကြရင်း*
***We Are Rest in Peace***

သွေးရင်းသားရင်း မောင်နှမတို့ရေ
တို့တစ်တွေ ဘိုးဘေးလက်ထက်ကတည်းက
လူ့ဘဝတိုက်ကိုလေးအတွက်
သမိုင်းကို သွေးနဲ့ရေးကြတဲ့အဖြစ်မှာ
ချစ်ခြင်းတရားရဲ့ ငြိမ်းချမ်းမှုကို မျက်ကွယ်ပြုမိခဲ့ကြတာ

တကယ်တော့
တစ်မြေတည်းနေ တစ်ရေတည်းသောက်
တစ်ယောက်ကိုတစ်ယောက်
လိုတာဖေးကူ အတူညီဖျ တကယ်သာအေးချမ်းချင်ကြမယ်ဆိုရင်

သူ့မှာလည်း သူ့မိ သူ့ဖ သူ့ထုံးတမ်းနဲ့
ကိုယ့်မှာလည်း ကိုယ့်ဆွေ ကိုယ့်မျိုး ကိုယ့်ဓလေ့နဲ့
သူလည်း သူ့မိဘကိုချစ်ပြီး ထုံးတမ်းကို ရှိသေသလို
ကိုယ်လည်း ကိုယ့်ဆွေမျိုးကိုချစ်ပြီး ဓလေ့ကို မြတ်နိုးခြင်းမှာ
ဘယ့်အတွက် ဘာကို မကျေလည်ကြတာလဲဆိုတာ
အဖြေမြန်မြန်ရှာ
မမေ့မလျော့ မွေးမြူရမှာက ကိုယ်ချင်းစာတရားလေးပါ။

မတူတော့တာနဲ့ ရန်သူဖြစ်ကြရေးဆို
သက်ရှိသတ္တဝါဆိုတာ ကင်းမဲ့ဆိတ်သုဉ်းသွားလိမ့်မယ်
ဟေး တကယ်တော့
ဉာဏ်ရည်အမြင့်ဆုံးလူသားတွေ မဟုတ်ဘူးလား။

*အယူအဆ အတွေးအခေါ် မူဝါဒဓလေ့ထုံးတမ်း*
*ဘာသာဗေဒ ကိုးကွယ်မှု ယဉ်ကျေးမှု ယုံကြည်မှု ခံယူချက်*
*မျိုးနွယ်စု လူနည်းစု လူများစု မတူညီနေကြလဲ*
*အားလုံးအတူတကွ အေးချမ်းစွာ ယှဉ်တွဲနေထိုင်နေကြတယ်။*

အတူနေလို့ရပါတယ်
နားလည်မှုဝေခြင်းကို ကျင့်သုံးပြီး
အတူယှဉ်တွဲနိုင်ပါတယ်
အပြန်အလှန်လေးစားခြင်းကို တန်ဖိုးထားပြီး
အတူယှုံကြည်နိုင်ပါတယ်
သူလည်း ကိုယ့်လို ကိုယ်လည်း သူ့လို
အရောရောကို
ချစ်တတ်တယ် ခင်တတ်တယ်
ပျော်တတ်တယ် ငိုတတ်တယ် ဆိုတာလေး
စာနာစွာ တွေးပေးလိုက်ရင်

ကဲ…ဘာဆက်လုပ်ကြမှာလဲ ပြော
ကဲ…ဘာဆက်လုပ်သင့်လဲ ပြော
ကဲ…ဘာဆက်လုပ်သင့်လဲ ပြော
ကဲ…ဘာလုပ်ကြမှာလဲ ပြော

ဘိုးဘိုးနဲ့ဘွားဘွားတို့ရဲ့ ငိုသံတွေ တိတ်ပါစေ
မေမေနဲ့ဖေဖေတို့ရဲ့ ပူဆွေးခြင်းတွေ ကင်းစင်လွင့်ပျောက်ပါစေ
သားသားနဲ့မီးမီးတို့ရဲ့ ရယ်မောသံတွေ ချိုလွင်ပါစေ

ဟော…ဟိုမှာ မငြိမ်းချမ်းခြင်းရဲ့အောက်မှာ
နာကျင်စွာ ငိုကြွေးနေသူတွေ ငြိမ်းချမ်းခြင်းမှာ ပြုံးပျော်ကြပါစေ
တစ်ယောက်တစ်ကွဲ မှုလွဲနေတာတွေ ညှိယူနိုင်ပါစေ
ရှေ့လျှောက်အနာဂတ်မျိုးဆက်အတွက် တွေး
နာကြည်းခြင်းများကို စတေးပစ်လိုက်ကြစို့

လာပါကွယ် လက်ကိုတွဲ
ချစ်ခြင်းတရားတွေနဲ့ နိုင်ကျည်မြဲမြဲကြစို့
တို့ကမ္ဘာမြေ ဘယ်လောက်လှပသလဲဆိုတာကို ကြည့်

တေးခေါ်နိုင်စွမ်းရှိတဲ့ လူသား
အမြင့်မြတ်ဆုံး ကိုယ်ချင်းစာတရားနဲ့ ပေးမ
အနွေးထွေးဆုံး ချမ်းအေးတဲ့ ဆောင်းရာသီထဲ
အိပ်စက်တုန်း အိပ်မက်တုန်း အိပ်မက်ထဲမှာတောင် မပါဘူး
ဘယ်သူကလာပြီး ငါ့ကို နှိပ်စက်ဦးမယ်ဆိုတဲ့ အတွေးက
ငြိမ်းချမ်းခြင်းဆုလာဘ်ရကြောင့် ပျောက်ကွယ်ဆုံး...

အခုကစလို့
တစ်ယောက်ကိုတစ်ယောက် လေးစားမယ်
တစ်ယောက်ကိုတစ်ယောက် တန်ဖိုးထားကြမယ်
တစ်ယောက်ကိုတစ်ယောက် လေးနက်တဲ့မေတ္တာတရားတွေနဲ့
ဆန္ဒအတူတူပြုကြမယ်
တို့ကမ္ဘာမြေပေါ်မှာ ပန်းတိုင်းပွင့်လို့
ပွင့်တဲ့ပန်းတိုင်းကလည်း မွှေးလို့
ပွင့်တဲ့ပန်းတိုင်းကလည်း မွှေးလို့
တို့...မြန်မာမြေပေါ်မှာ ပန်း....တိုင်း...ပွင့်လို့...။

ဟူး...ငြိမ်းချမ်းခြင်းပန်းတွေ ပွင့်စေ
ဟူး...ငြိမ်းချမ်းခြင်းပန်းတွေ မွှေးစေ ။

ခရမ်းပြာ

# Oxygen အလွဲ.

# ငြိမ်းချမ်းရေးကို ရှာဖို့ ငါတို့ . . . ခရီးထွက်ခဲ့ကြတယ်

ဥတ္တရလမင်း ဘယ်ကျော်

ငြိမ်းချမ်းရေးကို ရှာဖို့
ငါတို့ ခရီးထွက်ခဲ့ကြတယ်။
ရှာဖွေမှုမောဟတွေကြားမှာ
အတွေးပန်းချီတစ်ချပ်ကို သရုပ်ဖော်
စစ်နဲ့ငြိမ်းချမ်းရေး
လက်နက်နဲ့ငြိမ်းချမ်းရေး
ပညာနဲ့ငြိမ်းချမ်းရေး
ဘာသာနဲ့ငြိမ်းချမ်းရေး
အဲဒီပန်းချီကားနဲ့အတူ
ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးထွက်ခဲ့ကြတယ်။

ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးထွက်ခဲ့ကြတယ်။

ငြိမ်းချမ်းရေး…ရေ
သမိုင်းအဆက်ဆက်
ဆာလောင်ခြင်းရဲ့ဒဏ်ကို
(ငါတို့…)
ဟစ်ခေါ်နေခဲ့မိတယ်။

ပညာနဲ့ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့စာသင်ခန်းထဲ ရောက်ခဲ့တယ်။
စာသင်ခန်းရဲ့ စာအံသံတွေကြားမှာ
ငြိမ်းချမ်းရေးစကားလုံးဟာ ပျောက်နေခဲ့တယ်။

ခေတ်တစ်ခေတ်ဖြတ်တိုင်း
စာသင်ခန်းတွေ အရောင်ပြောင်းသွားတယ်။
ငြိမ်းချမ်းရေးကို လမ်းပေါ်ထွက်ရှာတိုင်း
ကျောင်းသားတွေ ပျောက်ပျောက်သွားတယ်။

ထုံအနေတဲ့ ပညာစနစ်မှာ
ငြိမ်းချမ်းရေးတံခါးဟာ အသေပိတ်ထားခံရတယ်။

ကျောင်းသားတွေက ငြိမ်းချမ်းရေးကို
ဒေါင်းအလံနဲ့ စိုက်ထူပြီး ရှာတယ်။
အာဏာရှင်တွေက ငြိမ်းချမ်းရေးကို
အရိုင်းဆန်ဆန်နဲ့ (သမိုင်းလှန်ဖို့ ကြံတယ်)။

အာဏာရှင်တွေက
ငြိမ်းချမ်းရေးကိုရှာဖို့ လက်နက်သုံးတယ်။

ပညာရှင်တွေက
ငြိမ်းချမ်းရေးကိုရှာဖို့ ညှိနှိုင်းခြင်းကို သုံးတယ်။

ငြိမ်းချမ်းရေးဟာ
လှန်ဆွဲဒွန်တွဲမှုတွေနဲ့အတူ
အရသာနဲ့အရောင်တွေ ပြောင်းလာခဲ့တယ်။

ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးထွက်နေရဦးမယ်။

ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးထွက်ခဲ့ကြတယ်။

ရောင်နီတွေဖြာတိုင်း
တောစဉ်တောင်အနှံ့
သာယာတဲ့မြေမှာ
ငြိမ်းချမ်းရေးရောင်စဉ်တွေ ငုံလင့်မိပါရဲ့။

တောပြုန်းတောင်ပြုန်း
လက်နက်မိုင်းဗုံးတွေကြား
ငြိမ်းချမ်းရေးဟာလည်း အဆိပ်သင့်နေခဲ့ပြီ။

နိုလ်ချုပ်တို့ စိုက်ထူခဲ့တဲ့ပင်လုံ
ငါတို့လိုချင်တဲ့ ပင်လုံ
ယင်တအုံအုံမဖြစ်ကြစေနဲ့ဟေ့။

အသက်အောက် မြေပြင်အနှံ့
ငြိမ်းချမ်းရေးကို ဆုတောင်းမှား
ငါတို့အမျိုးညီနွှာ ပိုင်ဆိုင်ပါရစေလား။

စစ်ပွဲတွေရပ်
ရန်ပွဲတွေရပ်
စစ်ဘေးသင့်တွေ ဆိတ်သုဉ်းကြပါစေ။

ငါတို့ချစ်တဲ့ပြည်(မြေ)မှာ
ငါတို့ချစ်တဲ့သူတွေနဲ့
ငါတို့ချစ်တဲ့ငြိမ်းချမ်းရေးကို တည်ဆောက်ပါရစေ။

ဒါကြောင့် . . .
ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးထွက်ခဲ့ကြတယ်။

ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ခရီးထွက်ခဲ့ကြတယ်။

လွတ်မြောက်ခြင်းသဘောမှာ
ငြိမ်းချမ်းရေးတွေ ကွယ်ပျောက်
အသားအရောင်တွေ အောက်မှာ
ဘဝတွေဟာ အိုးအိမ်မဲ့ခဲ့တယ်။

နေထိုင်မှုနဲ့ရှင်သန်မှုကြား
ငြိမ်းချမ်းရေးဆိုတာ
ဘာသာလူမျိုးအလိုက် အရောင်ပြောင်းတတ်သလား။

တွေးခေါ်မှုတွေပဲ မှားသလား။
ဘေးထွက်ဆိုးကျိုးအနေနဲ့
အမြင်ကျဉ်းသွားတဲ့ ဒီနိုင်ငံမှာ
ငြိမ်းချမ်းရေးဟာ မျက်နှာပူခဲ့ရတယ်။

လူသားချင်းစာနာစိတ်မှာ
အမုန်းတရားဟာ ပျောက်ဆုံး
နိဂုံးအဆုံးသတ်မလှပမှုတွေက
ငြိမ်းချမ်းရေးကို တုန်လှုပ်စေခဲ့တယ်။
ဟိုးအဝေးက ချိုးဖြူငှက်တွေကို ကြည့်ပါ။
သူတို့ရဲ့ဒဏ်ရာတွေကို သိပါ။

 လူကိုလူလို့ မမြင်သေးသရွေ့
ငြိမ်းချမ်းရေးကို မတွန်းကြူးနိုင်တော့ဘူး။

ရှုံးသွပ်စွာ တမ်းတမိပါတယ် ငြိမ်းချမ်းရေးရေ…
ငါတို့နေတဲ့ အမိမြေ
ငါတို့သေမဲ့ ဒီတိုင်းပြည်
ငြိမ်းချမ်းရေးနဲ့အတူ ငါတို့ရှင်သန်ခွင့်ရပါစေ…။

မြန်မာပြည်လည်း ငြိမ်းချမ်းပါစေ။
ကမ္ဘာမြေလည်း ငြိမ်းချမ်းပါစေ။
လူသတ္တဝါအပေါင်းလည်း ငြိမ်းချမ်းပါစေ။
တောတောင်ရေမြေလည်း ငြိမ်းချမ်းပါစေ။

ငြိမ်းချမ်းပါစေ မြန်မာပြည်
စိမ်းလန်းပါစေ မြန်မာပြည်
ခမ်းနားပါစေ မြန်မာပြည်

ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးထွက်ကြမယ်။

ငြိမ်းချမ်းရေးကို ရှာဖို့
ငါတို့ ခရီးထွက်ခဲ့ကြတယ်။

တာဝန်အတု အမိန့်အတုတွေကြားမှာ
အသက်အစစ်တွေ စတေးခဲ့ရတယ်။
ငြိမ်းချမ်းရေးအတုအောက်
အမုန်းအစစ်တွေ စိုက်ပျိုးရှင်သန်ရစ်တယ်။

လက်မှတ်အတုတွေကြားမှာ
ခြေပြတ်လက်ပြတ် အစစ်တွေ များလာတယ်။
ချိုးဖြူငှက်အတုတွေ ပျံဝဲနေချိန်မှာ
ကျည်ဆန်အစစ်တွေ ပျံကြိုလို့နေတယ်။

စစ်ပွဲအတုတွေကြားမှာ
သယံဇာတအစစ်တွေ ပျောက်သွားတယ်။
ငြိမ်းချမ်းရေးစာအုပ် အစစ်တွေကို
ရှေ့တန်းပြန် ခြေတုလက်တုတွေက
ဝမ်းစာအစစ်အတွက်
ရပ်တည်မှုအတုအဖြစ် အသုံးချလိုက်ရတယ်။

တိုင်းပြည်ကို တိုးတက်ချင်တဲ့ စစ်သားအစစ်နဲ့
တိုင်းပြည်ကို နိုးယူချင်တဲ့ စစ်သားအတု

ငြိမ်းချမ်းရေးကို ရုပ်လုံးပြချင်တဲ့ စစ်သားအစစ်နဲ့
ငြိမ်းချမ်းရေး အသုံးချချင်တဲ့ စစ်သားအတု

အတုအစစ်တွေနဲ့ ငြိမ်းချမ်းရေးကို ပုံဖျက်
ပင်လုံဟာ အပျိုမစစ်တော့ဘူး။

လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်မှုအတွကြားမှာ
ယုံကြည်မှုအစစ်တွေ ကွယ်ပျောက်
ရလိုမှုအစစ်တွေသာ များလာတယ်။

အတုနဲ့အစစ်ကို မခွဲခြားနိုင်တော့
သွေးချင်းအစစ်တွေ ကွဲပြားခဲ့ရတယ်။

မျှော်လင့်ခြင်းအစစ်တွေနဲ့
ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးထွက်ခဲ့ကြတယ်။

ငြိမ်းချမ်းရေးမှာ
ချစ်ခြင်းမေတ္တာနဲ့ စာနာမှု
ဖေးမခြင်းနဲ့ လက်တွဲမှု
အပူအပင်ကင်းတဲ့ အိပ်ရာဝင်ခြင်းနဲ့
အပူအပင်ကင်းစွာ အိပ်ရာထခြင်း
လူမသေ ပြည်မပျက်တဲ့ ငြိမ်းချမ်းရေးမျိုး
ငါတို့ ရှာတွေ့ဖို့ လိုတယ်။

လှောင်အိမ်တံခါးကိုဖွင့်
ခြေထိပ်လက်ထိပ်တွေကို ဖြုတ်
ချိုးဖြူငှက်တွေနဲ့အတူ
ငြိမ်းချမ်းရေးကိုရှာဖို့
ငါတို့ ခရီးဆက်ထွက်ကြမယ်။
ဘကြီးမှိုင်းရဲ့···
"ငါ မသေခင် ငြိမ်းချမ်းရေး မြင်တွေ့ချင်တယ်"
ဆိုတဲ့ စကားလေးလို
ငြိမ်းချမ်းရေးကို ရှာတွေ့တဲ့
တစ်နေ့
ငါတို့ ငြိမ်းချမ်းရေးကဗျာတွေ ဆက်ရွတ်ကြမယ်။ ။
■
ဥတ္တရလမင်း၊ ဘယ်ရော်

# PEN Myanmar ၏
# ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ
# ဆုရရှိသည့်အဖွဲ့များ စာရင်း

| | | | |
|---|---|---|---|
| ၁။ | Oxygen အဖွဲ့<br>(ပထမ) | - | ၂၇၅ မှတ် |
| ၂။ | ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့<br>(ဒုတိယ) | - | ၂၆၇ မှတ် |
| ၃။ | မြစိမ်းတောင်မှ သက်တံ့ရောင်အဖွဲ့<br>(တတိယ) | - | ၂၄၅ မှတ် |

■

ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲကျင်းပရေးကော်မတီ
ပန်မြန်မာစင်တာ

# အကဲဖြတ်ဒိုင်များ၏မှတ်ချက်

PEN Myanmar မှ စီစဥ်ကျင်းပသောငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်များအနေဖြင့် အောက်ပါအမှတ်ပေးစည်းမျဥ်းများပေါ်၌ မူတည်ကာ ပြိုင်ပွဲဝင်အဖွဲ့များကို အကဲဖြတ်အမှတ်ပေးခဲ့ကြပါသည်။

၁။ စုံလင်ပါဝင်မှု(Diversity)

၂။ ကဗျာအရည်အသွေးကောင်းမွန်မှု(Merit of the Poem)

၃။ တင်ဆက်မှုအရည်အသွေးကောင်းမွန်မှု
(Merit of the Performance)

၄။ ကဗျာ့ရည်ရွယ်ဦးတည်ချက်(Theme) ၏သင့်လျော်မှုနှင့်
အားကောင်းမှု၊ Theme မှ သွေဖည်ခြင်းမရှိမှု

ထိုအချက်များပေါ်တွင် မူတည်၍ စုစုပေါင်းအမှတ် ၁၀၀ အဖြစ်သတ်မှတ်ကာ အကဲဖြတ်ဒိုင် ၃ ဦးက အမှတ်ပေးခဲ့ကြခြင်း ဖြစ်ပါသည်။

နောက်ဆုံး Final ပြိုင်ပွဲတွင် ဆန်ခါတင်အဖွဲ့ ၅ ဖွဲ့တို့ ယှဥ်ပြိုင်ကြရာ ၎င်းတို့ရရှိသော စုစုပေါင်း ရမှတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) မြစ်မ်းတောင်မှ သက်တံရောင်အဖွဲ့ -၂၄၅ မှတ်

(ခ) မောင်သုည(မန်းတော်သား)အဖွဲ့ -၂၁၀ မှတ်

(ဂ) ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့ -၂၆၇ မှတ်
(ဃ) ငြိမ်းချမ်းစိမ်းလန်းအဖွဲ့ -၂၄၀ မှတ်
(င) Oxygen အဖွဲ့ -၂၇၅ မှတ်

ပြိုင်ပွဲဝင်အဖွဲ့ ၅ ဖွဲ့လုံးအနေဖြင့် အမှတ်ပေးစည်းမျဉ်း ၁ နှင့် ၄ တို့တွင် ရရှိသောအမှတ်များ သိပ်မကွာခြားကြပါ။ သို့သော် အမှတ်ပေးစည်းမျဉ်း ၂ နှင့် ၃ ဖြစ်သော ကဗျာအရည်အသွေးကောင်းမွန်မှုနှင့် တင်ဆက်မှုအရည်အသွေးကောင်းမွန်မှုတို့တွင်တော့ ကွာခြားသွားကြသည်ကို တွေ့ရသည်။

ငြိမ်းချမ်းရေးနှင့်ပတ်သက်သောကဗျာသရုပ်ဖော်တင်ဆက်မှု (Poetry Performance) ပြိုင်ပွဲဖြစ်သဖြင့် ပြည်သူလူထုအပေါင်း လက်ရှိကြုံတွေ့ခံစားနေကြရသော ငြိမ်းချမ်းရေး၏သရုပ်သကန်အဖြစ်အပျက်များကို ဖော်ကျူးနိုင်ရန် လိုအပ်သလို ခံစားသူများ၏ ရင်ထဲသို့ရောက်အောင် ပို့နိုင်သည့် ကဗျာရသမြောက်မှုနှင့် တင်ဆက်မှုအနုပညာလှပကောင်းမွန်မှုတို့ ပြည့်စုံရန်လည်း အရေးကြီးလှပါသည်။ ထို့အတူ အနည်းအများ အပိုအလိုမရှိစေဘဲ ကျစ်လျစ်ထိရောက်စွာ တင်ပြနိုင်မှုရှိရန်လည်း လိုအပ်လှပါသည်။

ခြုံ၍ဆိုရလျှင် ရရှိသောအမှတ်ပေါင်းများအရ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ အသီးသီးရရှိသွားကြသော ပြိုင်ပွဲဝင်အဖွဲ့များသည် ယင်းအချက်များနှင့် တိုက်ဆိုင်ကိုက်ညီစွာ ရရှိခဲ့ကြခြင်းဖြစ်သောကြောင့် ဆုများနှင့် ထိုက်တန်ကြောင်း ယူဆပါသည်။

မြန်မာနိုင်ငံကြီး ငြိမ်းချမ်းရေးအမြန်ရရှိပြီး မြန်မာကဗျာလောက ထွန်းကားအဓွန့်ရှည်ပါစေ။

■

**အကဲဖြတ်ဒိုင်များ**

# အကဲဖြတ်ဒိုင်များ

၁။ ကဗျာဆရာ မောင်စိန်ဝင်း၊ ပုတီးကုန်း၊
၂။ ကဗျာဆရာ မင်းထက်မောင်
၃။ ကဗျာဆရာမ ဖြူမွန်

# ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ

၁။ ကဗျာဆရာ ခင်အောင်အေး
၂။ ကဗျာဆရာမ ပန်ဒိုရာ
၃။ ကဗျာဆရာ ဇော်ဝေ
၄။ ကဗျာဆရာမ စုမီအောင်
၅။ ကဗျာဆရာ မောင်ဆောင်းခ

# ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ

## ဓာတ်ပုံမှတ်တမ်းများ



သန်မြန်မာ၏ ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲမှာ
အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည့်
ကဗျာဆရာ မောင်ဝေနှင့် ကဗျာဆရာမ စုမိဘောင်

သန်မြန်မာ၏ ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲ
ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ကဗျာဆရာ မောင်ဆောင်းခ



ပဲန်မြန်မာ၏ ငြိမ်းချမ်းရေးကဗျာသရုပ်ဖော်တင်ဆက်မှုပြိုင်ပွဲမှာ
အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်ကြသည့် ကဗျာဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)
ကဗျာဆရာ မင်းထက်မောင်နှင့် ကဗျာဆရာမ ဖြူမွန်






မြစိမ်းတောင်မှ သက်ဝင်ရောင်အဖွဲ့၏ ကဗျာရွတ်ဆိုယှဉ်ပြိုင်ဟန်




မြစိမ်းတောင်မှ သက်ဝင်ရောင်အဖွဲ့၏ ကဗျာရွတ်ဆိုယှဉ်ပြိုင်ဟန်



မောင်သုည(မန်းတော်သား)အဖွဲ့၏ ကဗျာရွတ်ဆိုတင်ဆက်ဟန်



မောင်သုည(မန်းတော်သား)အဖွဲ့၏ ကဗျာရွတ်ဆိုတင်ဆက်ဟန်



ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့၏ အဖွဲ့သားတစ်ဦး ကဗျာရွတ်ဆိုတင်ဆက်ပုံ



ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့၏
တင်ဆက်မှု





ကချေသည်မှုန်း(ရာသညွှန့်ပြ)အဖွဲ့၏ တင်ဆက်မှု



ငြိမ်းချမ်းစိမ်းလန်းအဖွဲ့၏ ကဗျာရွတ်ဆိုတင်ဆက်ဟန်






ငြိမ်းချမ်းစိမ်းလန်းအဖွဲ့၏ တင်ဆက်မှု



ငြိမ်းချမ်းစိမ်းလန်းအဖွဲ့၏ တင်ဆက်မှု



Oxygen အဖွဲ့၏ ကဗျာရွတ်ဆိုတင်ဆက်မှု



Oxygen အဖွဲ့၏ ကဗျာရွတ်ဆိုတင်ဆက်မှု





Oxygen အဖွဲ့၏ တင်ဆက်မှု





ငြိမ်းချမ်းရေးကဗျာရွတ်ဆိုတင်ဆက်မှုပြိုင်ပွဲ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခဲ့သည့် ကဗျာအဖွဲ့ဝင်များနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီတို့ အမှတ်တရ





နှစ်သိမ့်ဆုရ ကဗျာပြိုင်ပွဲဝင်အသင်းတစ်သင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ကဗျာဆရာ ခင်အောင်အေးက ဆုချီးမြှင့်စဉ်



ငြိမ်းချမ်းရေးကဗျာရွတ်ဆိုတင်ဆက်မှုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်လာသည့် ပြိုင်ပွဲဝင်အသင်းသားများနှင့်အမှတ်တရ




နှစ်သိမ့်ဆုရ ကဗျာပြိုင်ပွဲဝင်အသင်းတစ်သင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ကဗျာဆရာ ခင်အောင်အေးက ဆုချီးမြှင့်စဉ်





နှစ်သိမ့်ဆုရ မောင်သုည(မန်းတော်သား)အဖွဲ့ကို
ပြိုင်ပွဲကျင်းပရေးကော်မတီဝင် ကဗျာဆရာ မောင်ဆောင်းခါက
ဆုချီးမြှင့်စဉ်



နှစ်သိမ့်ဆုရ ငြိမ်းချမ်းစိမ်းလန်းအဖွဲ့ကို
ပဲန်မြန်မာ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် စာရေးဆရာမ ချောဇီမာန်(မန္တလေး)က
ဆုချီးမြှင့်စဉ်



ပထမဆုနှင့် ဒုတိယဆုအတွက် မကြေညာမီ ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့သားများနှင့် Oxygen အဖွဲ့သားများက အခမ်းအနားမှူးနှစ်ဦးတို့၏ အစီအစဉ်တွင် ခိုင်တက်လှုပ်ရှားစွာ ပါဝင်တင်ဆက်နေကြစဉ်




တစ်ဝီယံဆုရ မြစိမ်းတောင်မှ သံကိုက်ရောင်အဖွဲ့ကို
ပင်မြန်မာအဖွဲ့ဝင် စာရေးဆရာ နော်ဘိုနီလတ်က ဆုချီးမြှင့်ခဲ့



ဒုတိယဆုရ ကဗျာသင်ပုန်း(ရာမညမြေ)အဖွဲ့ကို
သံမြန်မာ၏ ဒါရိုက်တာဘုတ်အဖွဲ့ဝင် စာရေးဆရာ ညီပုလေးက ဆုချီးမြှင့်စဉ်



ပထမဆုရ Oxygen အဖွဲ့ကို ပန်းမြန်မာ ဥက္ကဋ္ဌ ဆရာ မျိုးမြင့်ညိမ်းက ဆုချီးမြှင့်စဉ်